ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၁.၂၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၂။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၅ – ၆ – ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ မြန်မာ EU စီးပွားရေး Forum တက်ရောက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ မွန်ပြည်နယ် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဌေးတင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား တက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါ်မြတ်သီတာထွန်း၊

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ မြန်မာ-EU စီးပွားရေးဖိုရမ် တက်ရောက်ရန်နှင့် ဒေါ်ကျိုနိုင်ကိမ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃၃)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၄၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းမယ့် မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ ကုန်းကြမ်းမြို့နယ်တွင် မိုးလုံလေလုံ အားကစားရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ ကုန်းကြမ်းမြို့နယ်တွင် မိုးလုံလေလုံအားကစားရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင်များ၏ တင်ပြတောင်းဆိုချက်အရ မိုးလုံလေလုံ အားကစားရုံတစ်ရုံ ဆောက်လုပ်ခွင့်ပြုပေးနိုင်ရေးအတွက် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်မှ တားဆီးကာကွယ်ရေး၊ ဒေသဂုဏ်ဆောင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်ပြီး အားကစားရုံနဲ့ အားကစား ကွင်းများ ဖော်ထုတ်ဆောင်ရွက်လျက်ရှိနေပါတယ်။ လောက်ကိုင်မြို့တွင် လောက်ကိုင်ခရိုင်ဂုဏ်ဆောင် အဆင့်မီအားကစားရုံ ဆောင်ရွက်ခွင့်ပြုပေးပြီးဖြစ်သဖြင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိနေပါတယ်။

သို့ရာတွင် ကုန်းကြမ်းမြို့နယ်သည် ဒေသအတွင်း၌ အခေါင်ခိုက်ဆုံးနှင့် လူနေမှု အဆင့်အတန်း နိမ့်ကျနေဆဲဖြစ်ပါတယ်။ ဒေသအတွင်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အားကစားကဏ္ဍကို မြှင့်တင်ရာတွင် ကုန်းကြမ်းမြို့ကို ချန်လှပ်ထား၍ မရပါ။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ခြင်း ဖြစ်ပါတယ်။ အားကစားကဏ္ဍ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ ကုန်းကြမ်းမြို့နယ်တွင် မိုးလုံလေလုံ အားကစားရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း မီးဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ပြိုင်တိုင်ကျေးရွာ၊ ရွှေလှိုင်ကျေးရွာ၊ ကျင်ကြီးကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တစ်ခုစီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း မီးဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ပြိုင်တိုင်ကျေးရွာ၊ ရွှေလှိုင်ကျေးရွာ၊ ကျင်ကြီးကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၃။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ဒုတိယဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း (၂၈၃)ရွာရှိပြီး လူဦးရေပေါင်း (၂၄၀၀၀၀)ကျော်ခန့်ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် မြို့ပေါ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံ(၁)ရုံ၊ တိုက်နယ်ဆေးရုံ (၃)ရုံ ရှိနေပါတယ်။ ကျန်းမာရေးဌာန (၉)ခု၊ ဌာနခွဲ (၃၆)ခုရှိတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ မြို့နယ်အတွင်း ကျေးရွာများမှာ လူတိုင်းစေ့ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်စေရေးအတွက် ကျန်းမာရေးဌာနများ၊ ကျန်းမာရေးဌာန(ခွဲ)များ ဖွင့်လှစ်ပြီး စောင့်ရှောက်မှု ပေးနိုင်ရန် များစွာလိုအပ်နေပါသေးတယ်။

ယခု ကျွန်တော် မေးမြန်းတဲ့ မီးဝကျေးရွာဟာ ကျောက်တော်မြို့နယ်ရဲ့ အစွန်ဆုံး ပလက်ဝ မြို့နယ်စပ် ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ မီးဝကျေးရွာတွင် အိမ်ခြေပေါင်း (၃၀၀)ကျော်နှင့် လူဦးရေ (၁၅၀၀)ဦးခန့် နေထိုင်ပြီး ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ အနီးဆုံး ကျေးရွာများအဖြစ် ကျေးရွာ (၁၂)ရွာလောက်ရှိနေပြီး တိုက်နယ်ဆေးရုံနှင့် ကျန်းမာရေးဌာန ရှိသည့် တင်းမကျေးရွာနှင့် (၁၀)မိုင်လောက်ကွာဝေးပြီး ရေလမ်းခရီးသာ ရှိပါတယ်။ လူဦးရေ (၁၀၀၀၀)ကျော်ကို လွှမ်းခြုံနိုင်ပါတယ်။ သွားလာရေးခက်ခဲမှုကြောင့် မီးဝကျေးရွာတွင် ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ် သင့်သော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အနီးပတ်ဝန်းကျင်ကျေးရွာများလည်း ကျန်းမာရေးဌာန(ခွဲ)များ လုံးဝ မရှိသေးပါ။

ပြိုင်တိုင်ကျေးရွာမှာလည်း ကုလားတန်မြစ်၏ အရှေ့ဘက်ခြမ်းတွင်တည်ရှိတဲ့ ကျောက်တော် – ပလက်ဝလမ်းပေါ်တွင် ရှိပါတယ်။ အိမ်ခြေ (၃၀၀)ကျော်နှင့် လူဦးရေ (၁၂၀၀) ကျော်ခန့်ရှိပြီး မီးဝကျေးရွာနှင့် တင်းမကျေးရွာတို့ကြားတွင်ရှိတဲ့ (၅)မိုင်လောက်ကွာဝေးတဲ့ ကျေးရွာ ဖြစ်ပါတယ်။ အနီးပတ်ဝန်းကျင်တွင် ကျေးရွာ (၅)ရွာလောက်ရှိနေပြီး လူဦးရေ (၄၀၀၀)ကျော်ခန့်ကို လွှမ်းခြုံနိုင်ပါတယ်။ အချက်အချာကျတဲ့ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ တင်းမတိုက်နယ်ဆေးရုံကို မှီခိုနေရပြီး (၅)မိုင်လောက် ကွာဝေးတဲ့ကျေးရွာ ဖြစ်ပါတယ်။ ရွှေလှိုင်ကျေးရွာမှာလည်း ကုလားတန်မြစ်၏ အရှေ့ဘက်ခြမ်း ပိန္နဲချောင်း – ကြောင်စွယ်ဖြူ လမ်းပေါ်တွင်ရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ယခု လက်ရှိအနီးဆုံး ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)မှာ ကျောက်တန်းကျေးရွာတွင်ရှိနေပြီး (၂)မိုင်လောက်ကွာဝေးပါတယ်။ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် ကျန်းမာရေးဌာနအဖြစ် ဖွင့်လှစ်ခွင့်ရရှိပြီးဖြစ်တဲ့ ဆင်အိုးချိုင်ကျေးရွာ နှင့်လည်း (၃)မိုင်ခန့်ကွာဝေးပြီး အချက်အချာကျတဲ့ ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။ အနီးဆုံး

ကျေးရွာများအဖြစ် ကျေးရွာ (၅)ရွာခန့်ရှိနေပြီး ရွှေလှိုင်ကျေးရွာအပါအဝင် လူဦးရေ (၄၀၀၀)ကျော်ကို လွှမ်းခြုံနိုင်ပါတယ်။

ကျင်ကြီးကျေးရွာမှာ ကျောက်တော်မြို့နယ်၏ တောင်ဘက် ပီချောင်းနယ်မြေ အစွန်ပိုင်းတွင်ရှိတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ကျေးရွာတွင် အိမ်ခြေ (၁၅၀)ကျော်နှင့် လူဦးရေ (၇၀၀)ကျော်ရှိနေပြီး အနီးဆုံးကျေးရွာ (၅)ရွာ၏လူဦးရေမှာ (၄၀၀၀)ကျော်ခန့်ရှိနေပြီး အနီးဆုံး ကျန်းမာရေးဌာန တိုက်နယ်ဆေးရုံမှာ ဝဲကြီးဒေါင့် တိုက်နယ်ဆေးရုံတစ်ရုံရှိနေပြီး (၁၀)မိုင်ခန့်ကွာဝေးပါတယ်။ သွားလာရေး ခက်ခဲပါတယ်။ ရေလမ်းခရီးသာရှိနေပြီး မိုးရာသီတွင် လှိုင်းကြီးပြီး အဆင်ပြေမှုမရှိပါ။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်သင့်တဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။

ယခု ကျွန်တော် မေးမြန်းတဲ့ ကျေးရွာများဟာ ကျန်းမာရေးစောင့်ရှောက်မှု အမှန်တကယ်လိုအပ်နေတဲ့ကျေးရွာများဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ စံသတ်မှတ်ချက်များနှင့် မကိုက်ညီနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဒေသခံများ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေး တောင်းဆိုမှုအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျောက်တော်မြို့နယ်အတွင်း မီးဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ပြိုင်တိုင်ကျေးရွာ၊ ရွှေလှိုင်ကျေးရွာ၊ ကျင်ကြီးကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ နေရာခင်းကျေးရွာအုပ်စု၊ နေရာခင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ နေရာခင်းကျေးရွာအုပ်စု၊ နေရာခင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၇။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊

အရာတော်မြို့နယ်၊ နေရာခင်းကျေးရွာအုပ်စု၊ နေရာခင်းကျေးရွာမှာ အမှန်တကယ် လိုအပ်နေတဲ့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရာတော်မြို့နယ်ဟာ ဖွံ့ဖြိုးမှု နောက်ကျခဲ့တဲ့မြို့နယ် ဖြစ်ပါတယ်။ ယခင်က ရွှေငွေမလို ရေကိုလိုသည်ဆိုတဲ့ မြို့အဝင် ဆိုင်းဘုတ်ထောင်ပြီးတော့ ရေရှားပါးတဲ့မြို့နယ် ဖြစ်ခဲ့ဖူးပါတယ်။ သိပ်မကြာခင် နှစ်ပိုင်းလောက်က မြေအောက်ပိုက်ရေတွင်းများ တူးဖော်ရရှိလို့ အခုတော့ ရေမရှားတော့ပါဘူး။ ပြောရမယ်ဆိုရင်တော့ ဖွံ့ဖြိုးစပြုလာတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရာတော်မြို့နယ်ဟာ လယ်ယာလုပ်ငန်းများနဲ့ အသက်မွေးကြသူ များပြားပါတယ်။ ဆည်မြောင်းက ရေကို အားကိုးပြီးတော့ စိုက်ပျိုးကြရပေမယ်လို့ ဆည်မြောင်းက ရေကလည်း အဆင်မပြေပါဘူး။ လူနေမှုဘဝ နေထိုင်မှုအပေါ်မှာ မူတည်ပြီးတော့ ဆင်းရဲကြတဲ့တောင်သူလယ်သမားတို့ဟာ ကျန်းမာရေးနဲ့ပတ်သက်ပြီး အသိတရားနည်းပါးခြင်း၊ ဆေးဝါး ကုသနိုင်ဖို့ အလွယ်တကူမဖြစ်ခြင်းတို့ကြောင့် တောသူတောင်သားအများစုတို့ဟာ ကျန်းမာရေးလည်း မပြည့်စုံကြပါဘူး။ ယခု ဆေးခန်း တင်ပြတောင်းဆိုတဲ့ နေရာခင်းကျေးရွာဟာ အုပ်စုကျေးရွာဖြစ်ပါတယ်။ အိမ်ခြေပေါင်း (၇၀၀)ကျော်ရှိပါတယ်။ အိမ်ထောင်စုပေါင်း (၆၉၀)ရှိပါတယ်။ လူဦးရေပေါင်းက (၃၀၀၀)ကျော် နေထိုင်တဲ့ရွာကြီးဖြစ်ပါတယ်။ ဒါတွင်မက ပတ်ဝန်းကျင်က ရွာများလည်းပဲ အားကိုးရမှာ ဖြစ်ပါတယ်။ သက်ကြီးရွယ်အိုများပြားပြီး ကလေးသူငယ်များ၊ ကျောင်းသားလူငယ်များ၊ ကိုယ်ဝန်ဆောင် မိခင်များနဲ့ တောသူတောင်သား အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်ဖို့ အထူး လိုအပ်နေပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နေရာခင်းကျေးရွာဟာ ကျေးရွာအုပ်စုကြီး ဖြစ်ပေမယ့် ဆင်းရဲသား တောသူတောင်သားများဟာ မိမိတို့ရွာမှာ ဆေးခန်း ရရှိနိုင်ဖို့အတွက် အားလုံးစုပေါင်း ပြီးတော့ မြေနေရာ ဝယ်ထားပြီးလည်းဖြစ်ပါတယ်။ အကျယ်အဝန်းက (၁၄၀ x ၆၅)ပေ ကျယ်ဝန်းပါ တယ်။ မြေစာရင်းပုံစံ (၁၀၅/၁၀၆)လည်း ကူးထားပြီးဖြစ်ပါတယ်။ (၂)မိုင်ကျော်လောက် ဝေးကွာတဲ့ ဟိုပုံးကျေးရွာမှာ ကျန်းမာရေးဌာန(ခွဲ)ရှိပေမယ်လို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် အရေးပေါ်လူနာများအတွက် သယ်ယူပို့ဆောင်ဖို့ ယာဉ်(၁)စီးမှမရှိတာ၊ သက်ကြီးရွယ်အိုများ၊ ကလေး သူငယ်များနှင့် ကျောင်းသားလူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အလုပ်ကြမ်းလုပ်ကြတဲ့ လယ်ယာ လုပ်သားတို့အတွက် အချိန်မီ ဆေးဝါးကုသဖို့ များစွာခက်ခဲနေပါတယ်။ အဲဒီအခက်အခဲကို သိနေကြတဲ့ ရပ်ဝေးမှာနေကြတဲ့အလှူရှင်များက ဆေးခန်းနဲ့ပတ်သက်ပြီး ဆေးဝါးများ၊ ဆေးခန်းသုံးပစ္စည်းများ၊ မတည် အလှူငွေများ လှူဒါန်းဖို့ရာ အဆင်သင့်ရှိနေကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနကနေ ကျေးလက်ကျန်းမာရေး ဌာန(ခွဲ) ခွင့်ပြုချက်ရရှိသည်နှင့်တစ်ပြိုင်နက် ရန်ကုန်မြို့မှာနေထိုင်တဲ့ အလှူရှင်တစ်ဦးကနေမှ

အမြန်ဆုံး ကောင်းမွန်တဲ့ RC အဆောက်အအုံကို ဝန်ထမ်းအိမ်ရာများအပါအဝင် လျှပ်စစ်မီးနှင့် ရေတွင်း စသည်တို့ကို အသေအချာ လျာဒါန်းဆောက်လုပ်မည်ဆိုတာ ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော် ကိုယ်တိုင် ကောင်းစွာသိရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ နေရာခင်းကျေးရွာမှာ အမှန်တကယ် လိုအပ်နေတဲ့ ကျေးလက် ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကူတောင်ကျေးလက်ကျန်းမာရေးဌာန လက်အောက်ခံ ဇီးကိုင်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပြီး ရွှေလောင်းတင်၊ ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်လယ်၊ ဖြူချောင်းကျေးရွာအုပ်စုတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တစ်ခုစီ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကူတောင်ကျေးလက်ကျန်းမာရေးဌာန လက်အောက်ခံ ဇီးကိုင်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပြီး ရွှေလောင်းတင်၊ ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်လယ်၊ ဖြူချောင်းကျေးရွာအုပ်စုတို့တွင် ကျေးလက် ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးများ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်းကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ရသေ့ တောင်မြို့နယ်၊ ကူတောင် ကျေးလက်ကျန်းမာရေးဌာနလက်အောက်ခံ ဇီးကိုင်း ကျေးလက် ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပြီး ရွှေလောင်းတင်၊ ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်လယ်၊ ဖြူချောင်းကျေးရွာအုပ်စုများမှာ ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)တစ်ခုစီ ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။ ကူတောင်ကျေးလက်ကျန်းမာရေးဌာန စောင့်ရှောက်မှုလက်အောက်မှာ ကျေးရွာအုပ်စု (၁၉)အုပ်စုခန့်ရှိပြီး လူဦးရေ (၃၄၀၀၀)ကျော်ခန့် ရှိပါတယ်။ ဌာနခွဲ(၄)ခုရှိပြီး ကျန်းမာရေး

ဝန်ထမ်း(၁၄)ဦးခန့် ခန့်ထားတာဝန်ပေးအပ်ထားရှိပါတယ်။ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များနှင့် လတ်တလော ဖြစ်ပေါ်လာတဲ့ ရောဂါများကိုကုသရန် ကျန်းမာရေးဝန်ထမ်းလုံလောက်မှု မရှိတဲ့အတွက် အရပ်ဖက်ဆေးသမားများနဲ့ ဆေးကုသနေကြရပြီး ကလေးမွေးဖွားနေကြရပါတယ်။ အကျိုးဆက်အဖြစ် ဆေးမတည့်တဲ့ ဘေးထွက်ဆိုးကျိုးများကို ခံစားကြရပြီးအရပ်ဖက်ဆေးသမားတွေကြောင့် ကျန်းမာရေးဝန်ထမ်းများရဲ့ စွမ်းဆောင်မှုကွန်ရက်ကို မှေးမှိန်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျင်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲက တာဝန်ယူစောင့်ရှောက်ရတဲ့ကျေးရွာအုပ်စု(၅)အုပ်စုခန့်ရှိပြီး လူဦးရေ(၁၀၀၀၀)ကျော်ခန့် များပြားလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ထမ်း (၂)ဦးတည်းဖြင့် လုပ်ငန်းခွင်နိုင်နင်းတဲ့ အပိုင်ဧရိယာထက် ပိုပြီးအလုပ်လုပ်နေကြရတာတွေ့ရပါတယ်။ တဖက်မှာလည်း စီမံချက်ကိစ္စများ၊ အစီရင်ခံရမည့်ကိစ္စများနဲ့ အလုပ်ရှုပ်နေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နိုင်ငံတစ်နိုင်ငံမှာ ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတစ်ခုရှိဖို့ လူ(၁၀၀၀၀)မှာ ကျန်းမာရေးဝန်ထမ်း (၂၂)ဦးရှိရန်လိုအပ်ကြောင်း အကြံပြုထားပါတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုက လူ(၁၀၀၀၀)မှာ ဝန်ထမ်း(၁၆)ဦးခန့်ရှိသော်လည်း ရခိုင်ပြည်နယ်မှာ (၅)ဦးသာရှိပြီး ဤဒေသမှာ (၃)ယောက် မပြည့်သေးပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဇီးကိုင်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ရန်နှင့် ရွှေလောင်းတင်၊ ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်လယ်၊ ဖြူချောင်းကျေးရွာအုပ်စုများမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီ ဖွင့်လှစ်ပေးရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အခြေခံမူများနဲ့ ကိုက်ညီနေသည်ကို တွေ့ရှိရတဲ့အတွက်ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

**ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် က ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ် ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၄။**

**ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် ဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့ တိုက်နယ် ပြည်သူ့ဆေးရုံကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်ဟာ ကလောမြို့၊ အောင်ပန်းမြို့၊ ဟဲဟိုးမြို့၊ ဘော်ဆိုင်းမြို့ဆိုတဲ့ မြို့(၄)မြို့နဲ့ ဖွဲ့စည်းထားပါတယ်။ အောင်ပန်းမြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် (၄၂၁၉)ပေအမြင့်မှာတည်ရှိပြီး အောင်ပန်းတိုက်နယ်ဟာ (၉၆)စတုရန်းမိုင်ကျယ်ဝန်းပါတယ်။ တောင်ကုန်းထူထပ်ပြီး ချိုင့်ဝှမ်းအနည်းငယ်ပဲရှိတဲ့ ဒေသဖြစ်ပါတယ်။ အောင်ပန်းတိုက်နယ်ဟာ မြို့ပေါ်(၁၂)ရပ်ကွက် ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာပေါင်း (၂၂)ရွာနဲ့ ဖွဲ့စည်းထားပါတယ်။ အောင်ပန်းမြို့ပေါ်မှာ လူဦးရေ (၃၀၀၀၀)ကျော် ကျေးရွာများမှာ လူဦးရေ(၂၀၀၀၀)နီးပါးနှင့် စုစုပေါင်းလူဦးရေ(၅၀၀၀၀) အခြေကျနေထိုင်ကြလို့ ကလောမြို့နယ်အတွင်းမှာ လူဦးရေအထူထပ်ဆုံးတိုက်နယ်ဖြစ်ပါတယ်။ ဓနု၊ ပအို့ဝ်၊ တောင်ရိုး၊ ပလောင်၊ အင်း၊ ဗမာ အစရှိတဲ့ တိုင်းရင်းသားများ နေထိုင်ရာ ငြိမ်းချမ်းသောနယ်မြေ ဖြစ်ပါတယ်။

အောင်ပန်းမြို့ဟာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မြန်မာပြည်မကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ ကားလမ်း၊ ရထားလမ်းဆုံရာ အချက်အချာကျတဲ့မြို့လည်း ဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားတွေ စိုက်ပျိုးထုတ်လုပ်တဲ့ စိုက်ပျိုးရေးထွက်ကုန်တွေကို မြန်မာနိုင်ငံတစ်ဝန်းလုံးကို တင်ပို့ရောင်းချရာ ရှမ်းပြည်တောင်ပိုင်းရဲ့ အဓိကစီးပွားရေးမြို့လည်း ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း သီးနှံတွေကို တန်ဖိုးမြင့်ပြန်လည်ထုတ်လုပ်တဲ့ Value Added လုပ်တဲ့ စက်မှုလက်မှုလုပ်ငန်းတွေ၊ ပွဲရုံလုပ်ငန်းတွေ၊ ပုဂ္ဂလိကဘဏ်တွေ၊ ကိုယ်ပိုင်စာသင်ကျောင်းတွေ၊ ခရီးသွားလာရေးလုပ်ငန်းတွေနဲ့ ဖွံ့ဖြိုးစည်ကားတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်ပန်းတိုက်နယ်မှာ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၁)ခု၊ ဌာနခွဲ(၃)ခုနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန (၁)ခုသာရှိပါတယ်။ တိုက်နယ်တာဝန်ခံဆရာဝန်(၁)ဦး၊ လက်ထောက်ဆရာဝန်(၁)ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း(၁၅)ဦး၊ စုစုပေါင်းကျန်းမာရေးဝန်ထမ်း (၁၇)ဦးသာရှိပါတယ်။ လောလောဆယ် လက်ထောက်ဆရာဝန်(၁)ဦး လစ်လပ်နေလို့ မိုင်းပန်မြို့က လက်ထောက်ဆရာဝန်(၁)ဦးကို တွဲဖက်တာဝန်ထမ်းဆောင်ပေးဖို့ ကျန်းမာရေးနှင့်

အားကစားဝန်ကြီးဌာနက ချပေးထားပါတယ်။ လောလောဆယ်မှာလည်း ကျွန်တော်တို့ မြို့အတွက် အရေးတကြီးလိုအပ်နေတဲ့ ဓာတ်မှန်စက်ကလည်း ပျက်နေပါတယ်။

အောင်ပန်းမြို့ဟာ ကလောမြို့နယ်ထဲမှာ ပါဝင်ပေမယ့် ကလောမြို့ထက် ပိုမိုကျယ်ဝန်းပါတယ်။ အခြေချနေထိုင်တဲ့ လူဦးရေလည်း များပြားပါတယ်။ ဆက်သွယ်သွားလာရာမှာလည်း ပိုမိုလွယ်ကူတာကြောင့် အောင်ပန်းတိုက်နယ်ဆေးရုံဟာ မြို့နယ်ဆေးရုံအဆင့်တစ်ခုလိုပဲ ပြင်ပလူနာဦးရေ (၁၀၀)နီးပါးနှင့် အတွင်းလူနာ (၄၀)ကျော်ကို နေ့စဉ်ပျမ်းမျှ ကုသပေးနေရပါတယ်။ တိုက်နယ်အဆင့် ခွင့်ပြုထားတဲ့ (၁၆)ခုတင်ထက်ပိုပြီး ပျမ်းမျှခုတင်ပေါင်း (၄၀)ကျော် အတွင်းလူနာများကို ကုသပေးနေရပါတယ်။ လက်ရှိကျန်းမာရေးဝန်ထမ်းတွေအနေနဲ့လည်း ဝန်နဲ့အားမမျှအောင် ကျန်းမာရေးဝန်ဆောင်မှုပေးနေရလို့ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။

အရှိန်အဟုန်နဲ့ အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်နေတဲ့ အောင်ပန်းမြို့အတွက် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆင့်နဲ့ ဘယ်လိုမှ ကျန်းမာရေးစောင့်ရှောက်မှုကို လုံလောက်အောင် အကာအကွယ် မပေးနိုင်ပါဘူး။ ဒါ့ကြောင့် အောင်ပန်းတိုက်နယ်ဆေးရုံကို (၁၆)ခုတင်ဆံ့ဆေးရုံအဆင့်ကနေ အနည်းဆုံး (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ မဖြစ်မနေ အဆင့်တိုးမြှင့်ပေးဖို့နဲ့ လိုအပ်နေတဲ့ ဆရာဝန်များ အပါအဝင် ကျန်းမာရေးဝန်ထမ်းတွေ ထပ်မံခန့်ထားပေးဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေနဲ့ ဆောင်ရွက်ပေးစေချင်ပါတယ်။ အောင်ပန်းမြို့ဟာ ကလောတိုက်နယ်ဆေးရုံနဲ့ (၆)မိုင်ကျော် ကွာဝေးပေမယ့် ဒေသန္တရလိုအပ်ချက်အရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ အထူး အစီအစဉ် တစ်ရပ်အနေနဲ့ အောင်ပန်းဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို ယခုလို ဒီမိုကရေစီနှင့် ဖက်ဒရယ် ပြည်ထောင်စုကို တည်ထောင်ဖို့ ကြိုးပမ်းနေတဲ့ အစိုးရကာလမှာ ဆောင်ရွက်ပေးနိုင်ဖို့ ဒေသခံမဲဆန္ဒရှင်များကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၈။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ ကုန်းကြမ်းမြို့နယ်တွင် မိုးလုံလေလုံ အားကစားကွင်း(၁)ကွင်း တည်ဆောက်ဖို့နဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကုန်းကြမ်းမြို့နယ်တွင် မိုးလုံလေလုံ အားကစားကွင်း ဆောက်လုပ်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမည်ပေါက်မြေ ရရှိမယ်ဆိုလို့ရှိရင်တော့ ရှမ်းပြည်နယ်အစိုးရရဲ့ အနီးကပ်ဆုံး ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေစာရင်းတွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးမယ်ဖြစ်ကြောင်း ပြောကြား လိုပါတယ်။ လောလောဆယ် လောက်ကိုင်ခရိုင်၊ ကုန်းကြမ်းမြို့နယ်မှာ အခြေခံပညာကျောင်းများ ရှိတယ်လို့ သိရပါတယ်။ အဲဒီတော့ ကျောင်းသူ၊ ကျောင်းသားများ ကိုယ်လက်လှုပ်ရှား အားကစား လုပ်ဖို့အတွက်ကိုတော့ ကျွန်တော့်အနေနဲ့ သင့်လျော်တဲ့ အားကစားပစ္စည်းများ ပံ့ပိုးပေးမယ်။

ထို့အပြင် Outdoor Equipment များကိုလည်း ပံ့ပိုးပေးမှာ ဖြစ်ပါတယ်။ ထို့အပြင် ကျောင်းသားများ ပိုပြီးတော့ အားကစားလုပ်ခြင်း၊ ကိုယ်လက်လှုပ်ရှားလုပ်ဖို့အတွက်ကို ပြည်နယ်၊ ခရိုင်၊ ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ မြို့နယ်အားကစားမှူးတို့နဲ့ တိုင်ပင်ပြီးတော့ နွေရာသီမှာ သင်တန်း တွေပေးသလိုပဲ ကျောင်းသားတွေကို ဘယ်အားကစားမှာ ဘယ်လိုကစားရမယ်၊ ဘာဖြစ်တယ် အစရှိသဖြင့် ဒါကို ကျွန်တော်တို့ အမြန်ဆုံး စတင်လုပ်ပေးပါမယ်။ ထို့အပြင် ကျောင်းမှာရှိတဲ့ ကာယနည်းပြတွေ ကိုလည်း ကျောင်းတွေကို သွားပြီးတော့ ကာယလေ့ကျင့်ခန်းတွေ ဘယ်လိုလုပ်ရမယ်၊ ဘာဆိုတာကို ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ အကြောင်းကြားပေးပါမယ်။

ထို့အပြင် မကြာသေးခင်ကာလ မေလ (၂၇)ရက်၊ (၂၈)ရက်နေ့မှာ တစ်ပြည်လုံးအတိုင်းအတာ အနေနဲ့ PES – Physical Education Seminar သဘော ကာယနည်းပြများ သင်တန်းပေးခြင်း၊ မွမ်းမံသင်တန်းပေးခြင်း၊ တစ်ပြည်လုံးမှာရှိတဲ့ ကာယနည်းပြများ ကျောင်းတွေမှာ ဘာတွေလုပ်ရမယ် ဆိုတဲ့ဟာကို ကျွန်တော်တို့ Seminar အကြီးကြီးလုပ်ပါတယ်။ ဒီ Seminar ကြီးကနေပြီးတော့ ထွက်ပေါ်လာတဲ့ Recommendation တွေ ဘာတွေ အကုန်လုံးစပြီး တစ်ပြည်လုံး အတိုင်းအတာ အနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းပြီးလုပ်ဖို့ ပညာရေးဝန်ကြီးဌာန ဒေါက်တာမျိုးသိမ်းကြီး နဲ့ ကျွန်တော် ညှိနှိုင်းပြီးပါပြီ။ ဒါကို အမြန်ဆုံး ဆက်လုပ်ပေးမှာဖြစ်ပါတယ်။

ဒီနေရာမှာ တစ်ခုတင်ပြချင်တာက အကယ်၍ ကုန်းကြမ်းမြို့မှာ ခုနက ဆောက်ခွင့်ရမယ် ဆိုရင်တော့ (၂)မျိုးရှိပါတယ်။ မိုးလုံလေလုံအမျိုးအစား အကြီးစားရှိပါတယ်။ အသေးစားရှိပါတယ်။ အကြီးစား ကတော့ ကျပ်သန်း(၂၅၀)ကနေ ကျပ်(၂၈၃)သန်းအထိ ကုန်ပြီးတော့ အသေးစားကတော့ ကျပ်သန်း(၁၇၀)ကနေ ကျပ်သန်း(၂၀၀)အထိ ကုန်ပါတယ်။ ဒါကြီးကို လုပ်မယ်ဆိုလို့ရှိရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မြေရရှိဖို့ကိစ္စကအစ ဟိုဘက်ပိုင်းက ပံ့ပိုးပေးပါ။ ပံ့ပိုးပေးရင် အနည်းဆုံး အားကစားနည်း(၈)မျိုး ကစားလို့ရမှာပါ။ လောလောဆယ်အနေနဲ့ကတော့ မြေလည်း

ရှိမယ်ဆိုရင်တော့ ကျွန်တော် ရှမ်းပြည်နယ်အစိုးရနဲ့ ညှိနှိုင်းပြီးတော့ အနီးဆုံးဘတ်ဂျက်မှာ ဘတ်ဂျက် လျာထားပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ မေးမြန်းချက်ဖြစ်တဲ့ ကျောက်တော်မြို့နယ်၊ မီးဝကျေးရွာကို ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)ကနေပြီးတော့ ကျေးလက်ကျန်းမာရေးဌာနအဖြစ် တောင်းပါတယ်။ နောက်တစ်ခုကတော့ ရွာ(၃)ရွာမှာ ပြိုင်တိုင်၊ ရွှေလှိုင်၊ ကျင်ကြီးရွာ (၃)ရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွေ တောင်း ပါတယ်။ တောင်းပြီးတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မေးခွန်း မေးပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကတော့ အားလုံး ဘတ်ဂျက်လည်း အကုန် လျာထား ပြီးဖြစ်တော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ ပြန်လည် ကြည့်လိုက်တဲ့အခါမှာ ကျောက်တော်မြို့နယ်မှာတော့ အားလုံး ရွာပေါင်း (၂၉၄)ရွာရှိပြီးတော့ အိမ်ခြေပေါင်း (၄၈၀၀၀)ကျော်ရှိပါတယ်။ စုစုပေါင်းလူဦးရေ (၂၅၀၀၀၀)လောက်ရှိပါတယ်။ ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း ဝန်ထမ်းတွေနဲ့ အများကြီးလုပ်နေပါတယ်။ ဒီမှာကြည့်တဲ့ အခါမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ပေါင်း (၄၀)လောက်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန (၇)ခုရှိပါတယ်။ နောက် Station Health Unit လို့ ခေါ်တဲ့ တိုက်နယ်ဆေးရုံနဲ့ ကျေးလက် ကျန်းမာရေးဌာန ပေါင်းထားတဲ့ဟာ (၁)ခုရှိပါတယ်။

ဝန်ထမ်းတွေနဲ့လည်း တော်တော်များများ လုပ်နေပါတယ်။ သားဖွားဆရာမ (၄၇)ယောက်၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ (၄၂)ယောက်တို့နဲ့ လုပ်ပါတယ်။ အသေးစိတ် ပြန်ကြည့်လိုက်တဲ့ အခါမှာ အဲဒီဟာလေးကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ နည်းနည်းတော့ သိပ်မမြင်ရပါဘူး။ သို့သော် ကျောက်တော်မြို့နယ်၊ မီးဝကျေးရွာဆိုတာက ပလက်ဝမြို့နယ်အစပ် ဟိုထိပ် အဝါလေးမှာ ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖြစ်ပါတယ်။ ဒီဌာနခွဲအောက်မှာ သူ့ရဲ့ ညာဖက်အောက်နား မှာရှိတဲ့ တင်းမကျေးလက် ကျန်းမာရေးဌာနနှင့် တင်းမတိုက်နယ်ဆေးရုံ အောက်မှာရှိတဲ့ ကျေးလက် ကျန်းမာရေးဌာန(ခွဲ)လေး တစ်ခုဖြစ်ပါတယ်။ ရေမိုင်အားဖြင့်တော့ (၈)မိုင်ခန့်ဝေးပြီး စက်လှေနဲ့တော့ (၁)နာရီခွဲခန့် သွားရပါတယ်။ ဒီ မီးဝကျေးရွာကို ပြန်ပြီးသုံးသပ်တဲ့အခါမှာ ရွာက(၁၀)ရွာရှိပါတယ်။ အိမ်ခြေက (၆၆၇)အိမ်နှင့် လူဦးရေ(၃၁၅၆)ယောက်ရှိတာ တွေ့ရတယ်။

ကျွန်တော့်အနေနဲ့ ပြန်ကြည့်တဲ့အခါမှာ မီးဝကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို တင်းမ တိုက်နယ်ဆေးရုံနှင့် တင်းမ ကျေးလက်ကျန်းမာရေးဌာနကနေပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု များကို လက်လှမ်းမီစွာ လွှမ်းခြုံပေးနိုင်တယ်ဆိုတာကို တွေ့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တောင်းတဲ့ မီးဝကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်မယ် ဆိုလို့ရှိရင် လူဦးရေက (၃၀၀၀)ကျော်ကျော်လေးပဲ လွှမ်းခြုံတဲ့အပြင် သူ့အနေနဲ့ ကြည့်တဲ့အခါမှာ

အစွန်အဖျားကိုရောက်တယ်။ ဒီကျေးလက်ကျန်းမာရေးဌာနပေးမယ်ဆိုရင် ဒီဌာနသည် အချက်အချာကျတဲ့ နေရာမှာရှိပြီးတော့ သူ့ဘေးနားမှာ ရွာတွေ အများကြီးရှိရမယ်။ သူ့အောက်မှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွေ အများကြီး (၄)ခုရှိရမယ်။ ရှိပြီး သူ့အနေနဲ့ အထက်ကို ပြန်ပြီးညွှန်းတဲ့ လူနာတွေကို လွယ်ကူစွာပို့နိုင်တဲ့အခြေအနေရှိရမယ်။

မီးဝကျေးရွာကိုကြည့်တဲ့အခါမှာ အစွန်အဖျားမှာ ရောက်နေတဲ့အခါကျတော့ သူကနေ ဟိုဘက် ပလက်ဝမြို့ကိုလည်း သွားလို့မရတော့ဘူး။ တောင်ဘက်ကိုပဲ ဆင်းရမှာဖြစ်တဲ့အတွက် မရဘူး။ မရတဲ့အခါမှာ ကျွန်တော်က သေချာအောင် ပြန်မေးပါတယ်။ မြို့နယ် ပြည်သူ့ကျန်းမာရေးဌာနမှူးကို မေးတဲ့အခါမှာလည်း RHC အဆင့်တိုးမြှင့်ဖို့ကို သူတို့အနေနဲ့ လောလောဆယ်တော့ မထောက်ခံသေးပါဘူး။ အဲဒီတော့ ဗဟိုလည်း အချက်အချာမကျဘူး။ လွှမ်းခြုံမှု လူဦးရေကလည်း နည်းတဲ့အတွက် သူတို့အနေနဲ့ မထောက်ခံဘူးဆိုတာကို ပြောကြားတဲ့အတွက် လောလောဆယ်တော့ ဒါကို ကျွန်တော်တို့ အဆင့်မတိုးနိုင်သေးပါဘူး။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကနေပြီးတော့ ကျန်းမာရေးဌာန၊ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းတဲ့ ပြိုင်တိုင်ကျေးရွာဆိုတာကတော့ ညာဖက်အပေါ်ဆုံးမှာရှိတဲ့ အစိမ်းလေးပါ။ ဒီအစိမ်းလေးကတော့ ခုန ကျွန်တော်တင်ပြတဲ့ တင်းမ ကျေးလက်ကျန်းမာရေးဌာနရဲ့ နယ်မြေအောက်မှာရှိပြီး သူနဲ့ (၆)မိုင်ကွာဝေးပြီး စက်လှေအားဖြင့် (၁)နာရီသွားရတယ်။ ခြေလျင်အားဖြင့် (၂)နာရီသွားရတာကို တွေ့ရတယ်။ ပွင့်လင်းရာသီမှာတော့ စက်ဘီး၊ ဆိုင်ကယ်တို့နဲ့ သွားနိုင်တာတွေ့ရတယ်။

ပြိုင်တိုင်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်မယ်ဆိုလို့ရှိရင် ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၅၀၀)၊ လူဦးရေ(၂၅၀၀)ကို ပေးနိုင်ပါတယ်။ အခြေခံမှုများနဲ့လည်း ကိုက်ညီတဲ့အတွက် နောက်တစ်ခါ သေချာအောင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူးကို မေးမြန်းတဲ့အခါမှာလည်း သူ့အနေနဲ့ ဒါပေးသင့်ကြောင်းကို ထောက်ခံတဲ့အတွက် ကျွန်တော်အနေနဲ့ကတော့ ဒီပြိုင်တိုင်ကို ကျွန်တော်တို့ ပေးမှာပါ။ ရွာကို ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု တည်ဆောက်ပေးပါမယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ Principle ပေါ့လေ။ အခြေခံနိယာမ ပြောမယ်ဆိုရင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွေဖွင့်တာ ကျေးလက်ကျန်းမာရေးဌာနတွေကို တတ်နိုင်သမျှ ကျွန်တော်ပေးချင်ပါတယ်။ သူတို့သည် ပြည်သူလူထုနဲ့ အနီးကပ်ဆုံးနေရာဖြစ်တယ်။

ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ရင် ကျန်းမာရေးမှူးရှိရင် သူဟာတော်တော်လည်း ဆေးကုတာမြန်ရင် တော်တော်များများရှိပါတယ်။ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၁ ရှိတယ်။ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ရှိတယ်။ သားဖွားဆရာမတွေရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဆိုလို့ရှိရင်တော့ ဝန်ထမ်း(၂)ဦးရှိပါတယ်။ သားဖွားဆရာမနဲ့ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ရှိပါတယ်။ သူတို့က ပြည်သူ့ကျန်းမာရေးကိစ္စများမှာ တော်တော်များများ တာဝန်ထမ်းဆောင်ပေးနိုင်တဲ့

အတွက် ဒါတွေကိုဖွင့်ဖို့ကတော့ In Principle ပေါ့လေ။ မူအားဖြင့် ကျွန်တော်တို့က အမြဲ ထောက်ခံပါတယ်။ သို့သော်လည်း မသင့်တဲ့နေရာမှာတော့ ကျွန်တော်တို့ မပေးပါဘူး။

နောက်တစ်ချက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ ရွှေလှိုင်ကျေးရွာကတော့ အရမ်းငယ်တဲ့အတွက် အောက်မှာရှိတဲ့အစိမ်းလေးပါခင်ဗျား။ ဟိုးအောက်ဖက်မှာ။ အစိမ်းက အပေါ်တစ်ခု အောက်တစ်ခုရှိတယ်။ အောက်မှာရှိတဲ့ အစိမ်းလေး ဖြစ်ပါတယ်။ ရွှေလှိုင်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အသစ်တစ်ခု တိုးချဲ့ဖွင့်မယ်ဆိုရင် ကျွန်တော့်အနေနဲ့က ကျေးရွာပေါင်း (၃)ရွာ၊ အိမ်ခြေ (၃၈၆)အိမ်၊ လူဦးရေ (၂၅၅၆)ဦးကိုလည်း ပေးနိုင်တယ်။ အခြေခံမူ (၆)ချက်ရှိတဲ့အထဲမှာ (၄)ချက်နဲ့ သွားကိုက်ညီနေတာ တွေ့တဲ့အတွက် ရွှေလှိုင်ကျေးရွာမှာတော့ ကျွန်တော် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်သင့်ကြောင်းကိုလည်း ကျွန်တော် သေချာအောင် ပြည်နယ်ဦးစီးမှူးကိုမေးတော့ ပြည်နယ်ဦးစီးမှူးကလည်း ဖွင့်သင့်ကြောင်းပြောတဲ့အတွက် ကျွန်တော်တို့ ဒါလည်း ပေးပါမယ်။

နောက်တစ်ခါ ကျင်ကြီးကျေးရွာက ဒီမြေပုံရဲ့အပေါ်ထိပ် အဝါ(၂)ခုမှာ အောက်ဖက်က ဒုတိယအဝါ ဖြစ်ပါတယ်။ ကျင်ကြီးကျေးရွာဆိုတာ အပေါ်ထိပ်မှာ။ ကျင်ကြီးကျေးရွာက ဝဲကြီးဒေါင့် ကျေးလက်ကျန်းမာရေးဌာန၊ စပါးဆိပ် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) နယ်မြေတွင်ရှိပြီး စပါးဆိပ် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် (၃)ဖာလုံပဲကွာဝေးပြီး စက်လှေအားဖြင့် (၁၅)မိနစ်ပဲ သွားလို့ရတာ တွေ့ရပါတယ်။ ဝဲကြီးဒေါင့်ကျေးလက်ကျန်းမာရေးဌာနနှင့် (၄)မိုင်ခွဲဝေးပြီး စက်လှေဖြင့် (၁)နာရီ သွားရတာတွေ့ရပါတယ်။ အကယ်၍ ဒီမှာ ပေးမယ်ဆိုလို့ရှိရင်လည်း အိမ်ခြေ (၁၄၈)အိမ်၊ လူဦးရေ (၆၉၇)ဦးသာ လွှမ်းခြုံပေးမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ကျင်ကြီးကျေးရွာကို စပါးဆိပ် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှ ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီစွာပေးလျက်ရှိပြီး အခြေခံမူများနှင့် ကိုက်ညီမှုမရှိတဲ့အတွက် လတ်တလောမှာတော့ ကျင်ကြီးကျေးရွာကို ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အတွက် မလိုအပ်ကြောင်း ပြည်နယ်ဦးစီးမှူးက ကျွန်တော်တို့ကို အကြောင်းကြားထားတဲ့အတွက် ဒါကတော့ မပေးပါဘူး။

အချုပ်အားဖြင့် ကျွန်တော် တင်ပြရမယ်ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် မေးတဲ့ မေးခွန်းများအနက် ကျောက်တော်မြို့နယ်၊ မီးဝကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်းကတော့ မရှိသေးပါဘူး။ ကျင်ကြီးကျေးရွာကိုလည်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ) မပေးသေးပါဘူး။ သို့သော် ပြိုင်တိုင်ကျေးရွာနှင့် ရွှေလှိုင်ကျေးရွာတို့ကိုတော့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အသစ်တစ်ခုစီ တိုးချဲ့ပေးမှာဖြစ်ပါတယ်။ သို့သော် ဒီနေရာမှာ ကျွန်တော် အမြဲတင်ပြတဲ့အတိုင်းပဲ။ ပြည်ထောင်စုအစိုးရအဖွဲ့က ၆-၂-၂၀၁၉ ရက်စွဲပါစာဖြင့် ကျွန်တော်တို့ကို အမိန့်ချမှတ်ထားပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်း၊ ဝန်ထမ်းအသစ်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်

စီမံခန့်ခွဲမှုအစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ အဆိုပါ အမိန့်ကြော်ငြာစာတွင်ပါသော သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြရန် လမ်းညွှန်ထားတယ်။

ဒါ့ကြောင့် အဆိုပါ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာလျှင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွဲ့စည်းပုံကို ပြင်ရမှာဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဒီရက်ပိုင်းမှာ ပြန်ကျလာတာက တချို့ဟာတွေကို ပြန်ပေးနေတာ ရပါတယ်။ မနေ့ကပဲ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ရတာပါ။ ခွင့်ပြုဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်လို့ခွင့်ပြုရင် ရမယ်ဆိုတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီကိစ္စမှာတော့ စပြီးတော့ Processing ပေါ့လေ။ စပြီးလှုပ်ရှားဖို့လုပ်လိုက်ပါတော့မယ်။ မရမှ မရ။ ကျွန်တော်တို့ဘက်ကတော့ ဟိုဘက်ကို စတင်ပြီးတော့ အမြန်ဆုံး စာရေးမယ်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ အရာတော်မြို့နယ်၊ နေရာခင်းကျေးရွာအုပ်စု၊ နေရာခင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်နှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားမှာပါ။

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်ကို ကြည့်တဲ့အခါမှာ ကျေးရွာပေါင်းက (၁၅၈) ရွာ၊ အိမ်ခြေ ပေါင်းက(၃၃၀၀၀)၊ လူဦးရေက(၁၆၀၀၀၀)ကျော် ရှိပါတယ်။ Power Point လေးနည်းနည်း တင်ပြပါမယ်။ နေရာခင်းက ဘယ်နားလောက်မှာရှိလဲဆိုတော့ အပေါ်က အနီရဲ့အပေါ် အဝါလေးလောက်နားမှာ ရှိပါတယ်။ နေရာခင်းကျေးရွာက။ အဲဒီတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ နေရာခင်းကျေးရွာသည် သူ့အောက်နားမှာရှိတဲ့ ဖုတ်ကုန်းကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပြီး ၎င်းကျေးရွာသည် ဖုတ်ကုန်း ကျေးလက်ကျန်းမာရေးဌာနနဲ့ (၄)ဖာလုံခန့်ဝေးပါတယ်။ အနီးပတ်ဝန်းကျင်မှာရှိတဲ့ လိန်လှကျေးလက်ကျန်းမာရေးဌာနနဲ့ (၄)မိုင်ခန့်၊ နောင်ကြီးအိုင်တိုက်နယ်ဆေးရုံနဲ့ (၉)မိုင်ခန့်ဝေးပြီး ကား၊ ဆိုင်ကယ်တို့ဖြင့် မိနစ်(၃၀)ခန့်ပဲရှိသဖြင့် ရာသီမရွေးသွားလာလို့ရတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီတော့ နောက်တစ်ချက် ပြန်ကြည့်တဲ့အခါမှာ ဖုတ်ကုန်း ကျေးလက်ကျန်းမာရေးဌာနမှာလည်း အင်အားအပြည့်ရှိပါတယ်။

လက်ထောက်ကျန်းမာရေးမှူး(၁)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၁)ဦး၊ သားဖွားဆရာမ(၆)ဦး၊ ကျန်းမာရေးကြီးကြပ်-၂(၆)ဦး၊ စုစုပေါင်းဝန်ထမ်း (၁၄)ဦးတို့ဖြင့် အင်အားပြည့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အဲဒီတော့ ဒီနေရာခင်းကျေးရွာတွင် အိမ်ခြေ (၁၈၅)အိမ်၊ လူဦးရေ (၈၇၈)ဦးသာရှိပြီး ဖုတ်ကုန်းကျေးလက်ကျန်းမာရေးဌာန၊ လိန်လှကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ နောင်ကြီးအိုင်တိုက်နယ်ဆေးရုံတို့နဲ့ နီးကပ်စွာတည်ရှိတာကို တွေ့ရတဲ့အတွက် သေချာအောင်

ပြည်နယ်ဦးစီးမှူးကို မေးတဲ့အခါမှာ သူ့အနေနဲ့ ရှိတဲ့ ကျေးလက်ကျန်းမာရေးဌာန၊ ဌာန(ခွဲ)နဲ့ နောင်ကြီး တိုက်နယ်ဆေးရုံကနေပြီး နေရာခင်းကျေးရွာကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကောင်းစွာ ဝန်ဆောင်မှုပေးနိုင်တဲ့အတွက် ပြည်နယ်ဦးစီးမှူးကလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးက လည်းကောင်း မလိုအပ်သေးကြောင်း ပြောကြားပါတယ်။

ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းထဲမှာ ကြားလိုက်တာကတော့ အကယ်၍ (၁၀၀)ရာခိုင်နှုန်း ဆောက်ပေးမယ်ဆိုရင်တော့ ဆောက်ပေးပါ။ ကျွန်တော် အဲဒါဆိုရင် ကျွန်တော်တို့ ဒါကိုလုပ်ပေးပါမယ်။ သူနာပြုသားဖွားဆရာမ(၁)ဦးနဲ့ ပြည်သူ့ကျန်းမာရေး ကြီးကြပ်-၂ က ကျွန်တော်တို့ ခန့်ဖို့က ပြဿနာမရှိပါဘူး။ ကျွန်တော် အဆောက်အအုံကို ရာခိုင်နှုန်းပြည့် ဆောက်ပေးမယ်။ စံကိုက်နဲ့ ဆောက်ပေးမယ်။ မြေလည်း ရှိတယ်ဆိုရင် ကျွန်တော်တို့ ဒါကို စဉ်းစား ပေးမယ်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ၏ မေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကူတောင် ကျေးလက်ကျန်းမာရေးဌာန လက်အောက်ခံ ဇီးကိုင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို အဆင့်မြှင့် ပြီးတော့ ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်မယ်။ နောက်တစ်ခါ ရွာ(၄)ရွာပါ။ ရွှေလောင်းတင်၊ ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်လယ်၊ ဖြူချောင်းကျေးရွာအုပ်စုများတွင် ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)တစ်ခုစီပေးဖို့ တောင်းဆိုထားပါတယ်။

ရသေ့တောင်မြို့နယ်ကို ပြန်ကြည့်တဲ့အခါမှာတော့ ကျေးရွာပေါင်း(၁၈၁)ရွာ၊ အိမ်ခြေပေါင်း (၂၅၀၀၀)ကျော်၊ လူဦးရေပေါင်း (၁၅၀၀၀၀)နီးပါးခန့် ရှိပြီးတော့ ကျွန်တော်တို့ သားဖွားဆရာမ (၄၃)ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် – ၂ (၄၆)ဦးနှင့် အမျိုးသမီးကျန်းမာရေးဆရာမ (၈)ဦး၊ ပြည်သူ့ ကျန်းမာရေးကြီးကြပ်–၁ (၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး (၆)ဦး၊ အမျိုးသမီးကျန်းမာရေး ဆရာမ(၁)ဦးနှင့် တာဝန်ထမ်းဆောင်လျက်ရှိတဲ့အပြင် ရသေ့တောင်မှာဆိုလို့ရှိရင် Section Head တွေနဲ့ပေ့ါ။ တိုက်နယ်ဆေးရုံ(၁)ရုံနဲ့ တွဲလျက်ထားတဲ့ ကျေးလက်ကျန်းမာရေးဌာန(၁)ခု နောက်ထပ် ကျေးလက်ကျန်းမာရေးဌာနပဲ ထပ်ပြီးတော့ (၇)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၃၀)၊ အမျိုးသမီးနှင့် ကလေးကျန်းမာရေးဌာန(၁)ခု ကျွန်တော်တို့ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီ ဇီးကိုင်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)သည် ရသေ့တောင် မြို့နယ်၊ ကူတောင်ရဲ့အောက်မှာရှိပါတယ်။ ကူတောင် ဆိုတာ ဟိုမှာ အနီးလေးနဲ့ အဝိုင်းလေးပါ။ အလယ်ရဲ့အောက် တည့်တည့်မှာရှိတဲ့အနီပါ။ ကူတောင်ကျေးလက်ကျန်းမာရေးဌာန အောက်တွင် ရှိပြီး (၁၈)မိုင်ဝေးတာတွေ့ရတယ်။ ဒီနေရာမှာ ပြန်လည် သုံးသပ်တဲ့အခါမှာ သူ့အပေါ်နားမှာ ဦးဂါ

ဆိုတာ ရှိပါတယ်။ ဦးဂါ တိုက်နယ်ဆေးရုံက ဖွဲ့စည်းပုံလည်း ကျပြီးပါပြီ။ ပစ္စည်းနဲ့ သူနာပြုလောက်ပဲ ရောက်သေးတာ တွေ့ရတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ကူတောင် တိုက်နယ်ဆေးရုံ မှာသာ အမြန်ဆုံး ဆရာဝန်ကို ပုံမှန်မချရင်တောင်မှ အပေါ်က ရခိုင်ပြည်နယ်၊ ကျောက်ဖြူ စစ်တွေ ကနေပြီးတော့ အလှည့်ကျ တာဝန်ထမ်းဆောင်မယ်ဆိုလို့ရှိရင် ကူတောင်တိုက်နယ်ဆေးရုံမှာ စတင် အလုပ်လုပ်လို့ရပါပြီ။ ဒီပစ္စည်းတွေပေးဖို့ကတော့ ပြဿနာမရှိပါဘူး။ ဆေးတို့၊ ပစ္စည်းတို့ကတော့ ပေးနိုင်ပါတယ်။ ဒါကို အမြန်ဆုံး လုပ်ရမှာပါ။

အမှန်ကတော့ ဒီကိစ္စတွေ အကုန်လုံးကတော့ ပြည်နယ်ဦးစီးမှူးက ကျွန်တော်တို့ကို အကြောင်းကြားရမှာပါ။ အခုလို မေးခွန်းမေးတဲ့အခါမှာ ကြည့်လိုက်တော့ ဒီကိစ္စ သွားပေါ်တာ တွေ့ပါတယ်။ ဒီလိုကိစ္စမျိုးကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတာကို ကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးလို့ ဒီနေရာကို အသေးစိတ်လေ့လာတဲ့အခါမှာ ဒါ သွားတွေ့တယ်။ အမှန်ကတော့ ဒါတွေဟာ တွေ့တယ်ဆိုတာ မတွေ့သင့်ပါဘူး။ ပြည်နယ်ဦးစီးမှူး သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများသာ ကြိုတင်အကြောင်းကြားရင် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမမေးခင်က ပြန်ပြီးတော့ လိုအပ်တာတွေလုပ်လို့ရှိရင် ဒီမေးခွန်းတောင် မေးမယ့်အခြေအနေ မရောက်လာပါဘူး။ ဒါကတော့ အမှန်တရားကို တင်ပြတာပါ။

အဲဒီတော့ ဇီးကိုင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)အောက်မှာ ဇီးကိုင်းကျေးရွာ အပါအဝင် ကျေးရွာပေါင်း (၅)ရွာ၊ အိမ်ခြေ (၉၃၁)အိမ်၊ လူဦးရေ (၄၆၁၃)ဦး ရှိပါတယ်။ ခုနကပြောတဲ့အတိုင်းပဲ။ ဦးဂါ တိုက်နယ်ဆေးရုံကိုသာ အကုန်လုံး အဆင့်မြှင့်၊ အကုန်လုံး အပြည့်အစုံ လုပ်မယ်ဆိုလို့ရှိရင် ထပ်ပြီးတော့တိုးစရာ မလိုတော့ပါဘူး။ ဒါကို အမြန်ဆုံး လုပ်ပေးပါမယ်။

နောက်ထပ် ထပ်မေးတဲ့ မေးခွန်းထဲမှာမေးတဲ့ (၅)ရွာမှာ ပထမဆုံး ရွှေလောင်းတင် ကျေးရွာကို ကျွန်တော်ပြောပါမယ်။ ရွှေလောင်းတင်ကျေးရွာအုပ်စုတွင် ရွှေလောင်းတင်ရွာ (၁)ရွာသာ ရှိပြီး ကူတောင် ကျေးလက်ကျန်းမာရေးနယ်မြေ၊ ဦးဂါ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အောက်တွင် ရှိပြီး ၎င်းဌာနခွဲနဲ့ (၁)မိုင်ခန့်ဝေးပြီးတော့ ကုန်းလမ်းနဲ့ မိနစ်(၃၀)ပဲ သွားရပါတယ်။ ပွင့်လင်းရာသီမှာ စက်ဘီး၊ ဆိုင်ကယ်ဖြင့် သွားလာနိုင်ပါတယ်။ ကူတောင်ကျေးလက်ကျန်းမာရေးဌာနနဲ့လည်း (၁)မိုင် ခန့်သာ ကွာဝေးတာတွေ့ရပါတယ်။ အဲဒီတော့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်မယ်ဆိုလို့ရှိရင်တော့ ရွာ(၁)ရွာပဲ။ အိမ်ခြေက(၃၁၀)အိမ်နဲ့ လူဦးရေ (၁၇၂၂)ဦးတို့အား လွှမ်းခြုံနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ခုနပြောတဲ့ ဦးဂါ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှာ လက်လှမ်းမီစွာ ဆောင်ရွက်နိုင်ပြီး ဖွင့်လှစ်ရန်အတွက် အခြေခံမူများနဲ့ ကိုက်ညီမှုမရှိပါဘူး။ လတ်တလောမှာလည်း သေချာအောင် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန ဦးစီးမှူးကို လှမ်းမေးပါ တယ်။ သူ့အနေနဲ့လည်း လတ်တလောမှာတော့ မလိုအပ်သေးကြောင်း ပြောကြားပါတယ်။

နောက်တစ်ခါမှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ ကပ်ချောင်းကျေးရွာပါ။ ဒါကတော့ ကျွန်တော်တို့ ပေးမှာပါ။ ကပ်ချောင်းကျေးရွာနှင့် ကံပြင်ကျေးရွာသည် ဦးဂါ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အောက်တွင်ရှိပြီး ၎င်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် (၃)မိုင်ခန့် ကူတောင်ကျေးလက်ကျန်းမာရေးဌာနနှင့် (၆)မိုင်ခန့်ဝေးပြီး ရေလမ်းခရီးဖြင့် သွားရပါတယ်။ ဦးဂါကျေးလက်ကျန်းမာရေးဌာန(ခွဲ)အောက်တွင်ရှိတဲ့ ဦးဂါ၊ ရွှေလောင်းတင်၊ မြင်ကန်ချောင်း၊ ကံပြင်၊ ကပ်ချောင်းနှင့် ရေပိုက်ဆုံ စုစုပေါင်းကျေးရွာ (၆)ရွာရှိပါတယ်။ အဲဒီတော့ ကျန်းမာရေးစောင့်ရှောက်မှု ပိုအားကောင်းဖို့အတွက်ကိုတော့ အချက်အချာကျတဲ့ ကပ်ချောင်းကျေးရွာမှာ ကျွန်တော်တို့က ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်ပေးမယ်ဖြစ်ပါတယ်။ ဖွင့်ပေးလို့ရှိရင် အနီးနားမှာရှိတဲ့ ကျေးရွာ (၅)ရွာနဲ့ အိမ်ခြေ (၁၃၆၅) အိမ်၊ လူဦးရေ (၇၂၁၆)ဦးကို ကျွန်တော်တို့က ကျန်းမာရေးစောင့်ရှောက်မှု ပေးမှာဖြစ်တဲ့အတွက် ဒါကိုတော့ ကျွန်တော်တို့ ပေးမှာဖြစ်ပါတယ်။

နောက် လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ပြီးတော့မေးတဲ့ ညောင်ပင်လယ်ကျေးရွာ ဒါကိုလည်း ကျွန်တော်တို့ ပေးမှာပါ။ ညောင်ပင်လယ်ကျေးရွာသည် ဇီးကိုင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)အောက်တွင်ရှိပြီး ၎င်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် (၂)မိုင်ခန့် ကုန်းလမ်းဖြင့် (၁)နာရီ၊ ကူတောင်ကျေးလက်ကျန်းမာရေးဌာနနှင့် (၄)မိုင်ခန့် ကုန်းလမ်းဖြင့်(၂)နာရီ သွားရပါတယ်။ အဲဒီတော့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အသစ်တစ်ခု ဖွင့်မယ်ဆိုလို့ရှိရင်တော့ ညောင်ပင်လယ်ကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာပေါင်း (၅)ရွာ၊ အိမ်ခြေ (၉၃၁)အိမ်နဲ့ လူဦးရေပေါင်း (၄၆၁၃)ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလို့ရပါတယ်။ အခြေခံမှုများနဲ့လည်းကိုက်တယ်။ သေချာအောင် ကျွန်တော်တို့က ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးကို မေးတဲ့အခါမှာလည်း သူ့အနေနဲ့ ဒါကို ပေးသင့်ကြောင်း ထောက်ခံတဲ့အတွက် ကျွန်တော်တို့ ညောင်ပင်လယ်ကို ပေးမှာဖြစ်ပါတယ်။

နောက် ဖြူချောင်းကျေးရွာကိုလည်း ကျွန်တော်တို့ ပေးမှာပါ။ ဖြူချောင်းကျေးရွာသည် သာစည်ထောင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အောက်တွင်ရှိပြီး ၎င်းဌာနနှင့် (၅)မိုင်၊ ကျွန်တော်ခုနကပြောတဲ့ ကူတောင် ကျေးလက်ကျန်းမာရေးဌာနနဲ့ (၉)မိုင်ခန့်ကွာဝေးပြီး ခြေလျင်ခရီးဖြင့် သွားလာလို့ရပါတယ်။ ဖြူချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်ခွင့်ရမယ်ဆိုရင်တော့ ကျေးရွာ (၂)ရွာ၊ အိမ်ခြေ (၅၂၆)အိမ်နဲ့ လူဦးရေပေါင်း (၂၇၇၃)ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးတယ်။ အခြေခံ(၆)ချက်မှာ (၃)ချက်နဲ့တူတယ်။ ရခိုင်ပြည်နယ်ကတော့ နည်းနည်းခက်ခဲတဲ့ဒေသလည်းဖြစ်တယ်။ (၃)ချက်နဲ့ညီသော်လည်း ကျွန်တော်တို့က ဒါကိုပေးမယ် ဖြစ်တယ်။ ပိုသေချာအောင် ပြည်နယ်ဦးစီးမှူးကို မေးတဲ့အခါမှာလည်း ပြည်နယ်ဦးစီးမှူးက ဒါကိုပေးသင့်ကြောင်း ထောက်ခံတယ်။ အဲဒီတော့ ဒါကိုပေးမှာဖြစ်ပါတယ်။

အဲဒီတော့ အချုပ်အားဖြင့် ပြန်ပြောရမယ်ဆိုရင်တော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်ကျော်ဇံ ရဲ့ မေးခွန်းကို ဖြေကြားရမယ်ဆိုရင်တော့ ဇီးကိုင်းကျေးလက်

ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် လတ်တလော တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါဘူး။ ရွှေလောင်းတင်ကျေးရွာတွင်လည်းကောင်း၊ ရွှေလောင်းတင်ကျေးရွာမှာလည်း ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါဘူး။ သို့သော် ကပ်ချောင်း၊ ညောင်ပင်လယ်နှင့် ဖြူချောင်းကျေးရွာ၊ ကျေးရွာ(၃)ရွာမှာတော့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၁)ခုစီ ကျွန်တော်တို့ ပေးမှာဖြစ်ပါတယ်။ ဒါလည်း ခုနက တင်ပြတဲ့အတိုင်းပဲ။ ဝန်ထမ်းအသစ် ခန့်ထားတဲ့အခါမှာ အပေါ်ကအမိန့်အတိုင်း လုပ်မယ်။ သို့သော်လည်း ဒါကိုတော့ ကျွန်တော်တို့ မစောင့်တော့ပါဘူး။ ဆက်လက်ပြီးတော့ Process စပြီးတော့လုပ်မှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ် ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းတိုက်နယ်ဆေးရုံကို (၁၆)ခုတင်ဆံ့ဆေးရုံမှ (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်နဲ့ ပတ်သက်ပြီး ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီ ကလောမြို့နယ်မှာ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့တော့ ခုတင်(၁၀၀)ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ အောင်ပန်း တိုက်နယ်ဆေးရုံ၊ ဟဲဟိုး တိုက်နယ်ဆေးရုံ၊ ဘော်ဆိုင်း တိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ(၄)ရုံ ရှိပါတယ်။ အဲဒီတော့ အောင်ပန်း တိုက်နယ်ဆေးရုံကို ပြန်လေ့လာတဲ့အခါမှာ သူ့မှာ အိမ်ခြေက (၈၆၉၁)အိမ်ရှိပြီးတော့ လူဦးရေ (၄၀၅၀၀)ကျော် ရှိပါတယ်။ သူ့ရဲ့ လုပ်ငန်းဆောင်ရွက်မှုကိုကြည့်တဲ့အခါမှာလည်း တော်တော်များနေတာ တွေ့ရပါတယ်။ တစ်နေ့ပျမ်းမျှ အတွင်းလူနာက ၂၀၁၄ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်ကို (၃၅)ဦး၊ (၃၉)ဦး၊ (၄၂)ဦး၊ (၄၂)ဦး၊ (၃၅)ဦးရှိပါတယ်။ ဆေးရုံခွင့်ပြုခုတင် အသုံးချမှုမှာလည်း အားလုံးက (၂၀၀)ရာခိုင်နှုန်းကျော်နေ ပါတယ်။ (၂၁၉)ရာခိုင်နှုန်း၊ (၂၂၄)ရာခိုင်နှုန်း၊ (၂၆၃)ရာခိုင်နှုန်း၊ (၂၆၂.၅) ရာခိုင်နှုန်း၊ (၂၁၉)ရာခိုင်နှုန်း ရှိပါတယ်။ နောက်တစ်ခါ တစ်နေ့ပျမ်းမျှ လူနာဦးရေ (၅)နှစ်စာ Average ပေါ့လေ။ ပျမ်းမျှ ရေတွက်တဲ့အခါမှာ (၃၉)ဦးရှိနေတာကို တွေ့ရတယ်။ နောက် ဆေးရုံခုတင် အသုံးချမှုက (၅)နှစ်ကို ပျမ်းမျှယူတဲ့အခါမှာလည်း (၂၃၇.၅)ရာခိုင်နှုန်းရှိတယ်။ အဲဒီတော့ ဒါအတွက် အသုံးချမှုလည်းများတယ်။ ရာခိုင်နှုန်း(၂၀၀)လည်း ကျော်တယ်။ နောက်တစ်ချက်ကတော့ အရေးကြီးတာကတော့ လမ်းပန်း ဆက်သွယ်ရေး အချက်အချာကျတဲ့အတွက် ဒီမှာ Accident တွေ၊ ယာဉ်တိုက်မှုတွေ များတဲ့အတွက် ချက်ခြင်းလက်ငင်း သူတို့ကို ကုသမှုလိုတဲ့အတွက် (၂၅)ခုတင်ဆံ့ တိုးမြှင့်မယ်။ တိုးမြှင့်တဲ့အခါမှာ ပိုသေချာအောင် ပြည်နယ်ကျန်းမာရေးဦးစီးမှူးကိုလည်း မေးတဲ့အခါမှာ ပြည်နယ်ဦးစီးမှူးကလည်း ထောက်ခံတာဖြစ်တဲ့အတွက် အမြန်ဆုံး ဆောင်ရွက်ပေးပါမယ်။

သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ခုနတင်ပြတဲ့အထဲမှာ တစ်ချက် ကြားလိုက် ပါတယ်။ ခေတ်မှန်စက် ပျက်နေတယ်။ ခေတ်မှန်စက် ပျက်နေတယ်ဆိုတာ ဗဟိုက ပြည်ထောင်စု

ဝန်ကြီးလည်း မသိနိုင်ဘူး။ အတွင်းဝန်လည်း မသိနိုင်ဘူး။ ညွှန်ကြားရေးမှူးချုပ်လည်း မသိနိုင်ဘူး။ ဒုတိယညွှန်ကြားရေးမှူးချုပ်လည်း မသိနိုင်ဘူး။ ဘယ်သူမှ မသိနိုင်ပါဘူး။ ဒီလို ပျက်နေတဲ့ဥစ္စာကို သက်ဆိုင်ရာ တာဝန်ခံဆရာဝန်က ချက်ချင်း ပြည်နယ်ဦးစီးမှူးကို အကြောင်းကြားရင် ချက်ချင်းပြင်ပေးပါတယ်။ ပြင်ဖို့အတွက် ပိုက်ဆံလည်း ရှိပါတယ်။ နောက်ဆုံး လိုအပ်ရင် အသစ်ထည့်မယ်ဆိုရင်တောင်မှ ပေးနိုင်တဲ့အလားအလာ ရှိပါတယ်။ အဲဒီတော့ ဒီလိုပျက်တဲ့ကိစ္စမျိုးကိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဇော်မင်းလတ် တင်မကဘူး။ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့လည်း ဒီလိုပစ္စည်းတွေပျက်နေတာကို ဒီခါတ်မှန် တစ်ခုတည်း မဟုတ်ပါဘူး။ အားလုံးပါ။ ပျက်လို့ အကြောင်းကြားမယ်ဆိုရင် အမြန်ဆုံးလုပ်ပေးပါမယ်။ ဒီနေရာမှာ ဓာတ်မှန်ပျက်တယ်ဆိုတာ တော်တော်ကို အန္တရာယ်ကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ကားတိုက်တဲ့လူနာတစ်ယောက်လာတယ်။ ခြေထောက် ကျိုးလား၊ မကျိုးလား သိချင်တယ်။ ဓာတ်မှန်ပျက်နေတယ်။ ဘာမှလုပ်လို့ မရတော့ဘူး။ နောက်တစ်ခုက ဒီအချိန်မှာကြာတဲ့အခါမှာ (Bleeding) သွေးထွက်လွန်တာနဲ့ အမျိုးမျိုး ဖြစ်နိုင်တဲ့အတွက် ဓာတ်မှန်စက် ပျက်တာကိုတော့ ရုံးပြန်ရောက်တာနဲ့ ချက်ချင်း သက်ဆိုင်ရာကို အမြန်ဆုံး ပြင်ဖို့၊ ပြင်ထိန်းစရိတ်ကအစ အကုန်လုံး အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ။** ။ ခင်ဗျား စောစောစီးစီးက စောင့်ပြီးတော့ မေးပါ။

**အချိန်၊ ၁၀:၅၂။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ဝန်ကြီးဖြေသွားတဲ့ထဲမှာ ကျွန်တော်တို့ ရွှေလောင်းတင်နဲ့ ကူတောင်ကျေးလက်ကျန်းမာရေးဌာနနဲ့ (၁)မိုင်ဝေးတယ်လို့ ပြောပါတယ်။ ပြီးရင် ဦးဂါကျေးလက်ကျန်းမာရေးဌာန(ခွဲ)နဲ့ ရွှေလောင်းတင်နဲ့ (၁)မိုင်ပဲဝေးတယ်။ အဲဒါနဲ့ ပေးလို့ မဖြစ်ဘူးလို့ ပြောပါတယ်။ အမှန်က (၃)မိုင်ကွာဝေးတာပါ။ အဲဒါကို အမှန်ပြင်ပေးစေဖို့ အစီအစဉ် ရှိ/မရှိ မေးလိုပါတယ်။

**အချိန်၊ ၁၀:၅၃။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ပြည်နယ်ဦးစီးမှူးနဲ့ ပြန်တိုင်ပင်ပြီးမှ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို ဖြေကြားမယ်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်ခင်ဗျား။

**မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်း မုဒူး – ဒေါင်းရပ် အနောက်လမ်းမပေါ်ရှိ တံတားအမှတ်(၁)အား ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်း မုဒူး – ဒေါင်းရပ် အနောက်လမ်းမပေါ်ရှိ တံတားအမှတ်(၁)အား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၃။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းမှာရှိတဲ့ မုဒူး – ဒေါင်းရပ် အနောက်လမ်းမပေါ်မှာရှိတဲ့ တံတားအမှတ်(၁)အား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ တံတားဟာ ချောင်းဆုံမြို့နယ်ရဲ့ မြောက်ဘက်အခြမ်းမှာတည်ရှိပြီး မုဒူးကျေးရွာနဲ့ ဒေါင်းရပ်အနောက်ကျေးရွာ လမ်းမအပေါ်မှာရှိတဲ့ တံတားတစ်စင်းလည်း ဖြစ်ပါတယ်။ အဆိုပါ တံတားဟာ ယခင့်ယခင်က သစ်သားတံတားသာဖြစ်ပြီး ၂၀၀၆ –၂၀၀၇ နောက်ပိုင်းမှာ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင်တင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါတံတားရဲ့ လမ်းဘေး တစ်ဖက်တစ်ချက်မှာ ချောင်း၊ မြောင်းများ ရှိတဲ့အတွက်ကြောင့်မို့လို့ ရေငန်များ နှစ်စဉ်နှစ်တိုင်း တိုက်စားနေတဲ့ဒဏ်ကို ကြုံတွေ့ခဲ့ရတာပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မိုးတွင်းအချိန်အခါမှာ သံလွင်မြစ်ရေကြီးပြီး ရေတိုက်စားမှုကြောင့် အဆိုပါ တံတားဟာ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အဆိုပါ တံတားဟာဆိုလို့ရှိရင် ကျေးရွာပေါင်း(၃)ရွာ၊ အိမ်ခြေ (၂၀၀၀)နီးပါးနဲ့ လူဦးရေ

(၁၀၀၀၀)ကျော် အသုံးပြုနေတဲ့တံတား ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆိုပါ တံတားကို ဆောင်ရွက်ပေးသင့်တဲ့ တံတားတစ်စင်းလည်း ဖြစ်ပါတယ်။

အဆိုပါတံတား တည်ရှိရာလမ်းသည် ယခင့်ယခင်က မြေနီလမ်းသာဖြစ်ပြီး ယခုအချိန်အခါတွင် ဝန်ကြီးဌာနက ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးသည့်အတွက်ကြောင့်မို့လို့ အဆိုပါလမ်းပိုင်းကို ဆောင်ရွက်ပေးတဲ့ ဝန်ကြီးဌာနအား ကျွန်တော့်အနေနဲ့ အထူးပင် ကျေးဇူးတင် ရှိပါတယ်။ အဆိုပါလမ်းပိုင်းသည် မြေနီလမ်းမှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးခဲ့သော်လည်း အဆိုပါလမ်းမပေါ်ရှိ တံတားသည် ပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက်ကြောင့်မို့လို့ အဆိုပါ တံတားကို ဖြတ်သန်းနေတဲ့ ကုန်သည်များ၊ ကျောင်းသား၊ ကျောင်းသူများဟာ ဆင်းရဲဒုက္ခများစွာနဲ့ ကြုံတွေ့ရင်ဆိုင်နေရခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနရဲ့ အခက်အခဲများကိုလည်း နားလည်ပေးပါတယ်။

ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်အနေအထားအရ Main လမ်းပေါ်မှာ ရှိနေတဲ့ တံတားများကို အဆင့်(၁)၊ ကျေးလက်ရွာချင်းဆက်လမ်းမှာရှိတဲ့ တံတားများကို အဆင့်(၂)၊ အဆိုပါ ကျေးရွာချင်းဆက်လမ်း ထိပ်တိုက်တဲ့တံတားကို အဆင့်(၃) ဆိုပြီး သတ်မှတ်ထားပေမယ့်လည်း ကျွန်တော်အခုတင်ပြတဲ့ လမ်းဟာဆိုလို့ရှိရင် အဆင့်(၂)မှာ ပါရှိတာဖြစ်ပါတယ်။ သို့သော်ငြားလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ တံတားတစ်စင်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆိုပါတံတားကို ဆောင်ရွက်စေချင်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအား မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းမှာရှိတဲ့ မုဒူး – ဒေါင်းရပ် အနောက် လမ်းမပေါ်မှာရှိနေတဲ့ တံတားအမှတ်(၁)အား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၆။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၆။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။**　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး မေးမြန်းထားတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်း မုဒူး – ဒေါင်းရပ် အနောက်လမ်းမပေါ်ရှိ တံတားအမှတ်(၁)အား ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ အချက်အလက်များနဲ့ ပေါင်းစပ် ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုဒူး – ဒေါင်းရပ် အနောက်လမ်းမပေါ်ရှိ တံတားအမှတ်(၁)အား အဆင့်မြှင့်တင်ပေးပါက ဒေါင်းရပ်အနောက်ကျေးရွာနှင့် ဒေါင်းရပ်အရှေ့ကျေးရွာတို့ရှိ အိမ်ခြေ (၉၅၀)ခန့်၊ လူဦးရေ (၁၁၀၀၀)ကျော်တို့သည် ချောင်းဆုံလမ်းမကြီးနှင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြမှာ ဖြစ်တဲ့အတွက် ဒေသခံ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မုဒူး – ဒေါင်းရပ် အနောက်လမ်းမပေါ်ရှိ တံတားအမှတ်(၁)သည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A) ဦးစားပေး အဆင့်(၁)မှာ ပါဝင်ပြီးတော့ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေ အတည်ပြုချက်ရရှိပါက ကွန်ကရစ်တံတားအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁:၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)အား ၂၉-၄-၂၀၁၉ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အဆိုတင်သွင်းပြီး ၈-၅-၂၀၁၉ ရက်နေ့တွင် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၉)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၁:၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက သွင်းကုန်ပမာဏ မြင့်တက်ခြင်း မှ ကာကွယ်ပေးမှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၄။**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး

ဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးအောင်ထူး က သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းကို ဤလွှတ်တော်ကြီးသို့ တင်သွင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ကုန်သွယ်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ အကျိုးအမြတ်များ ရရှိနိုင်တဲ့အတွက် GATT လို့ခေါ်တဲ့ ကုန်သွယ်မှုနဲ့ အကောက်ခွန်ဆိုင်ရာ အထွေထွေသဘောတူညီချက် General Agreement on Tariff and Trade ကို ၁၉၄၇ ခုနှစ်မှာ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့မှာ လက်မှတ်ရေးထိုးခဲ့ပြီး ကုန်သွယ်မှုဆွေးနွေးပွဲများကို အကြိမ်ကြိမ် ကျင်းပပြုလုပ်ကာ ကုန်သွယ်မှုတိုးတက်ရေးနဲ့ ကုန်သွယ်မှုဆိုင်ရာ အကောက်ခွန်နဲ့ အကောက်ခွန်မဟုတ်တဲ့ ကုန်သွယ်ရေး အတားအဆီးများကို ဖယ်ရှားလျှော့ချခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာတော့ သဘောတူညီချက်ကိုဆက်ခံတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ World Trade Organization ကို ပွင့်လင်းမြင်သာပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီအပြင် ကမ္ဘာ့နိုင်ငံအသီးသီးဟာ ဒေသဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှုဇရိယာများ ထူထောင်ခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ အချင်းချင်းနှင့် နှစ်နိုင်ငံချင်း လွတ်လပ်စွာကုန်သွယ်မှုဇရိယာများ ထူထောင်ခြင်းကို ဆောင်ရွက်ခဲ့ကြပါတယ်။

အာဆီယံဒေသအနေနဲ့ အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုဇရိယာကို ၁၉၉၂ ခုနှစ်မှ စတင်ကြိုးပမ်းခဲ့ပြီး အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာမှာ ယခုနှစ် ၁-၁-၂၀၁၉ ရက်နေ့မှာ ပြည့်စုံတဲ့ အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုဇရိယာကို ထူထောင်နိုင်ခဲ့ပါတယ်။ ယင်းသို့ လွတ်လပ်စွာကုန်သွယ်မှုကို အားပေးခဲ့သော်လည်း လွတ်လပ်စွာကုန်သွယ်မှုဟာ ပြိုင်ဆိုင်နိုင်စွမ်းနည်းတဲ့ ထွန်းသစ်စပြည်တွင်း လုပ်ငန်းများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပြီး လွတ်လပ်စွာကုန်သွယ်မှုကိုပင် ထိခိုက်နိုင်တဲ့အတွက် ကုန်သွယ်မှု၊ ဘေးကင်းမှုအစီအမံများ၊ Safety Valve ကို အချိန်အကန့်အသတ်နှင့် ထားရှိခွင့်ပြုဖို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ သဘောတူညီချက်မှာ ထည့်သွင်းဖော်ပြခဲ့ပါတယ်။

ဒါကို ကုန်သွယ်ရေးဆိုင်ရာ ကုစားပေးရေးအစီအစဉ် Trade Remedy Measures လို့ ခေါ်ဆိုစေပြီး ဒီလို ကုစားနိုင်တဲ့အစီအစဉ်များမှာ သွင်းကုန်မြင့်တက်ခြင်းမှ အကာအကွယ်ပေးမှု Safeguard Measures စုပုံဈေးလျှော့ရောင်းချခြင်းမှ ကာကွယ်ဖို့ Anti – Dumping Measures နဲ့ တန်ပြန်အခွန်ကောက်ခံမှု နည်းလမ်းများ Counter – Vailing Measures များလို့ ခေါ်ဆိုပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်မှုကုစားရေးဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြပါတယ်။ ဥပမာအားဖြင့် ဤဥပဒေအရ ဥရောပသမဂ္ဂအနေနဲ့ ကမ္ဘောဒီးယားနဲ့ မြန်မာနိုင်ငံအပေါ်မှာ ဆန်လုံးရှည်တင်သွင်းမှု မြင့်တက်လာခြင်းမှ အကာအကွယ်ပေးနိုင်အောင် လာမယ့်(၃)နှစ်တာ ကာလအတွင်း သွင်းကုန်မြှင့်တင်ခြင်းကြောင့် ကာကွယ်ပေးမယ့်အကောက်ခွန် Safeguards Duty ကို ကောက်ခံဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့လည်း သကြားအပေါ်မှာ Safeguards Duty ကောက်ခံဖို့ အစီအမံများ ပြုလုပ်ထားရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့လည်း ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံဖြစ်တဲ့ အားလျော်စွာ ပြည်ပမှတင်သွင်းဝင်ရောက်လာတဲ့ သွင်းကုန်များကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်များ ကြုံတွေ့နေရတဲ့ ထိခိုက်နစ်နာမှုတွေကို အကာအကွယ်ပေးနိုင်ဖို့ သို့မဟုတ် ကုစားနိုင်ဖို့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ခွင့်ပြုထားတဲ့ ကုန်သွယ်မှုကုစားရေးအစီအစဉ် Trade Remedy Measures အရ Safeguard Measures, Anti-Dumping Measures နှင့် Counter Vailing Measures များကို ကျင့်သုံးနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် မူကြမ်းပြုစုတင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

ဒ့ါအပြင် ဒေသအတွင်းမှာလည်း လွတ်လပ်တဲ့ကုန်သွယ်ရေး သဘောတူချက်များကြောင့် ပြည်တွင်းလုပ်ငန်းရှင်များကို အကာအကွယ်ပေးနိုင်ရေးအတွက် ASEAN Free Trade Scheme အရ အာဆီယံ ASEAN Trade in Goods Agreement-ATIGA မှာလည်း WTO Remedy Measures တွေကို ကျင့်သုံးနိုင်ရေးအတွက် ပြဋ္ဌာန်းထားရှိသလို လက်ရှိဆွေးနွေးဆဲဖြစ်တဲ့ နိုင်ငံ(၁၆)နိုင်ငံပါဝင်တဲ့ လွတ်လပ်စွာကုန်သွယ်မှုဧရိယာတစ်ခုဖြစ်တဲ့ ဒေသဆိုင်ရာ အလုံးစုံစီးပွားရေးမိတ်ဖက်ပါဝင်မှု Regional Comprehensive Economic Partnership မှလည်း ကုန်သွယ်မှုကုစားရေးနည်းလမ်းများကို ထည့်သွင်းနိုင်ရန် ဆွေးနွေးလျက်ရှိပါတယ်။

သို့ဖြစ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံတော်တော်များများမှာ ၎င်းတို့နိုင်ငံ လုပ်ငန်းရှင်များထိခိုက်မှုကို ကာကွယ်ပေးနိုင်ဖို့ကို ကုန်သွယ်မှုကုစားပေးရေးအစီအစဉ် Trade Remedy Measures အရ ဥပဒေအသီးသီး ပြဋ္ဌာန်းကျင့်သုံးလျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး အကောင်အထည်ဖော်တဲ့နေရာမှာ ပထမဆုံးအနေနဲ့ လွတ်လပ်တဲ့ကုန်သွယ်ရေး သဘောတူညီချက်များအရလည်းကောင်း၊ တင်ပို့တဲ့နိုင်ငံရဲ့ ထုတ်လုပ်မှုစွမ်းအား ပိုမိုသာလွန်ခြင်းကြောင့်လည်းကောင်း၊ တင်သွင်းတဲ့နိုင်ငံအတွင်းသို့ သွင်းကုန်များ အဆမတန်တင်သွင်းမှု များပြားလာတဲ့အတွက် တင်သွင်းတဲ့နိုင်ငံအတွင်းရှိ ပြည်တွင်းလုပ်ငန်းများ ဆိုးဝါးစွာ ထိခိုက်နစ်နာမှု ရင်ဆိုင်လာရတဲ့အခါမှာ ထိုထိခိုက်နစ်နာမှုကို လျော့ပါးစေရန်အတွက် ယာယီအားဖြင့် အကာအကွယ်ပေးနိုင်ဖို့၊ အကာအကွယ်ပေးမှုအခွန် Safeguard Duty သော်လည်းကောင်း၊ သွင်းကုန်အရေအတွက် Quota ကန့်သတ်၍ ကာကွယ်ပေးမှု Safeguard Quota ကိုသော်လည်းကောင်း စည်းကြပ်ကောက်ခံပြီး ဆောင်ရွက်နိုင်ရန်အတွက် ဤဥပဒေကို ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။

ဒီဥပဒေရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာတဲ့ ကုန်စည်တစ်မျိုးမျိုးရဲ့ သွင်းကုန်ပမာဏ မြင့်တက်ခြင်းကြောင့် ပြည်တွင်းရှိ အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက် ယှဉ်ပြိုင်နိုင်သည့် ကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ ဖြစ်ပေါ်လာပါက ကာကွယ်မှုနဲ့ ကုစားမှုပေးနိုင်မယ့် အစီအမံ

များကို ကျင့်သုံးနိုင်ရန် ပြည်တွင်းကုန်စည် ထုတ်လုပ်သူများရဲ့ ယှဉ်ပြိုင်မှုကို မြင့်တက်လာစေရန်၊ ယင်းထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန်နှင့် ကုစားနိုင်ရန်အတွက် သွင်းကုန်အပေါ်မှာ လုံလောက်သော ကာကွယ်မှုအခွန်ကို စည်းကြပ်ရန် စသည်တို့ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းကို WTO ရဲ့ Safeguard Measures ပြဋ္ဌာန်းချက်များကို အခြေခံပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများရဲ့ သဘောထားမှတ်ချက်များ၊ အကြံပြုချက်များ၊ ကုန်သွယ်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များရဲ့ အကြံပြုချက်များ၊ WTO Rules Section နှင့် UNESCAP တို့မှ အကြံပြုချက်များကို ရယူရေးဆွဲခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်များ ရယူကာ ပြင်ဆင်ဖြည့်စွက် ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။

တစ်ဖက်မှာလည်း လက်ရှိပြည်ပမှ တင်သွင်းလာတဲ့ သွင်းကုန်များကြောင့် ပြည်တွင်းလုပ်ငန်းရှင်အချို့မှ ထိခိုက်နစ်နာမှုများရှိနေတဲ့ အတွက်ကြောင့် Safeguard Law ကို ပြဋ္ဌာန်းပေးရန် ပုဂ္ဂလိကကဏ္ဍတို့မှလည်း တောင်းဆိုမှုများ ရှိလာပါတယ်။ သို့ဖြစ်၍ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြဋ္ဌာန်းနိုင်ရေး အမျိုးသားလွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျန်ဥပဒေနှစ်ရပ်ဖြစ်တဲ့ Anti-Dumping Measures နဲ့ Counter Vailing Measures တို့နှင့်ပတ်သက်၍ လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်းနှင့် အစိုးရအထောက်အပံ့ ရယူတင်ပို့ရောင်းချခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုများအပေါ် ကုစားမှုဥပဒေမူကြမ်းများကိုလည်း ဆက်လက်တင်ပြနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်တစ်မျိုးမျိုး၏ သွင်းကုန်ပမာဏ မြင့်တက်ခြင်းကြောင့် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန်နှင့် ကုစားမှုပေးနိုင်မယ့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေးအတွက် ဤလွှတ်တော်ကြီးမှ ဦးစားပေး ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင်က သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ

သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၂။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး၊ ယနေ့အစည်းအဝေးကို တက်ရောက်လာတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေက ခုန ဒုတိယဝန်ကြီး ရှင်းပြခဲ့သလိုပါပဲ။ အရေးကြီးတဲ့ ဥပဒေတစ်ရပ် ဖြစ်တဲ့အတွက်ကြောင့် Power Point နဲ့ တင်ပြရှင်းလင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်။ ဒီဥပဒေကြမ်းဟာ ခုန ဒုတိယဝန်ကြီး ရှင်းလင်းတင်ပြခဲ့သလိုပါပဲ။ ဆွေးနွေးပြီးတော့ လွှတ်တော်များကို ပေးပို့လာတာ ၂၀၁၇ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ Power Point မှာ ဖော်ပြထားတဲ့ အတိုင်းပါပဲ။ ၆-၁-၂၀၁၇ ရက်နေ့ကတည်းကနေပြီးတော့ ရောက်ရှိနေခြင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုရယူပြီး ဆိုင်းငံ့ထားတဲ့ဥပဒေဖြစ်တဲ့အတွက်ကြောင့် အခုအချိန်မှသာ ပြန်လည်ပြီး ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအချက်တွေနဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြလိုတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကော်မတီအနေနဲ့ Power Point မှာဖော်ပြထားတဲ့အတိုင်းပါပဲ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နောက် မကြာခင်ကမှ နိုင်ငံရဲ့ လိုအပ်ချက်နဲ့အညီ အသစ်ဖွဲ့စည်းထားတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ နောက်တစ်ခါ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် UNFCCI က တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ၂၆-၄-၂၀၁၉ ရက်နေ့နှင့် ၂၄-၅-၂၀၁၉ ရက်နေ့တို့မှာ ဒီဥပဒေကြမ်းကို ပြန်လည်ပြီး ဆက်လက်ဆောင်ရွက်ဖို့အတွက် ဆွေးနွေးခဲ့ ပါတယ်။

ဆောင်ရွက်ခဲ့တဲ့အခါမှာ ဘာဖြစ်လို့ Panel လုပ်ထားလဲဆိုတဲ့ အကြောင်းရင်းလေးကို တင်ပြလိုပါတယ်။ ၃၁-၂-၂၀၁၇ ရက်နေ့မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ပါ ပါတယ်။ UNFCCI မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရယ် အဲဒီအချိန်တုန်းက ဖွဲ့စည်းတည်ရှိ

ခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တို့နဲ့ အစည်းအဝေး ကျင်းပခဲ့ပါတယ်။ ကျင်းပခဲ့တဲ့အခါမှာ ဒုတိယဝန်ကြီး တင်ပြခဲ့သလိုပါပဲ Trade Remedy Measures ကုန်သွယ်မှုကုစားရေးလုပ်ငန်းစဉ်မှာ ဥပဒေတွေက (၃)ရပ် ပါဝင်နေတာဖြစ်ပါတယ်။ ပေါက်ဈေးအောက်လျှော့၍ ရောင်းချခြင်းကို တားဆီးရေးဥပဒေကြမ်း Anti-Dumpting Law နှင့် ထောက်ပံ့တင်ပို့မှုအပေါ် အကာအကွယ်ပေးရေးဥပဒေကြမ်း Counter Vailing Law တွေနဲ့လည်း ချိတ်ဆက်နေတဲ့အတွက်ကြောင့် ဒီဥပဒေကြမ်းတွေကိုပါ လွှတ်တော်ကို တင်သွင်းလာတဲ့အချိန်ကျမှ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်မယ်ဆိုရင် ပိုမိုသင့်လျော်မယ်လို့ ညှိနှိုင်းသဘောတူညီခဲ့ပါတယ်။

ညှိနှိုင်းသဘောတူညီချက်ကို အမျိုးသားလွှတ်တော်ကို တင်ပြခဲ့တဲ့အခါမှာ ဥပဒေကြမ်း (၃)ရပ်လုံး စုံတဲ့အခါကျမှ ဆောင်ရွက်ဖို့ဆိုပြီးတော့ ဥပဒေကြမ်းကို ဆိုင်းငံ့ထားဖို့ ၂-၂-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်က အဆုံးအဖြတ်ပြုခဲ့ပါတယ်။ ဒါပေမဲ့ ဒုတိယဝန်ကြီးလည်း ရှင်းရှင်းလင်းလင်း တင်ပြခဲ့ပါပြီ။ Trade Remedy Measures Mechanism (၃)ခု၊ ကုန်သွယ်မှုကုစားရေးလုပ်ငန်းစဉ် (၃)ရပ်ထဲမှာ Safeguard ဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။ နောက် Anti-Dumping Law နဲ့ Countervailing Law တွေကို ပြုစုတဲ့အခါမှာလည်း အချိန်ကိုစောင့်နေလိုက်ရင် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှု များစွာဖြစ်နိုင်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှလည်း လက်ရှိနိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ကနဦးစိစစ်ပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုလွှတ်တော်ကို ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးကနေတစ်ဆင့် ပြီးခဲ့တဲ့ ၂၉-၃-၂၀၁၉ ရက်နေ့မှာ ထပ်မံအကြောင်းကြားလာပါတယ်။

ကော်မတီအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေတွေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံလိုအပ်ချက်တွေနဲ့ ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ အကာအကွယ်ပြုမှု အခြေအနေ အရပ်ရပ်တွေအပေါ်မှာ သုံးသပ်ပြီးတော့ ဆက်နွှယ်ဥပဒေကြမ်း(၂)ရပ်ကို စောင့်စားနေမယ့်အစား သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ဆိုင်းငံ့ကာလက (၂)နှစ်ဖြစ်နေပါတယ်။ ဒီ(၂)နှစ်တာကာလမှာ ပြောင်းလဲလာတဲ့ စီးပွားရေးဆိုင်ရာ စံနှုန်းတွေနဲ့ ကိုက်ညီမှုရှိအောင် အဆောတလျင် စိစစ်ပြီးတော့ လွှတ်တော်ကို ပြန်လည်အစီရင်ခံ တင်ပြသင့်ပါကြောင်းနဲ့ လာမယ့် အောက်တိုဘာလ ၁ ရက်နေ့မှာစမယ့် ဘဏ္ဍာရေးနှစ်သစ်၊ ဘတ်ဂျက်သစ်မှာ စတင်ပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေပြုရေး လုပ်ငန်းစဉ်တွေကို လွှတ်တော်က အချိန်နဲ့တစ်ပြေးညီ အတည်ပြုပြဋ္ဌာန်းနိုင်ရန် လိုအပ်ကြောင်း သဘောထားရရှိခဲ့ပါတယ်။

လေ့လာတွေ့ရှိချက်များအနေနဲ့ ဥပဒေကြမ်းကို ပြန်ပြီးတော့ လေ့လာပါတယ်။ ခေတ်စနစ်နဲ့ ကိုက်ညီအောင်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပါ ပါတယ်။ အခွန်ဆိုင်ရာ ကိစ္စရပ်တွေ၊ အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်တွေပါတဲ့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက

ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်တွေ ပါ ပါတယ်။ အသစ်ဖွဲ့စည်း ထူထောင်ထားရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ DICA–Diretorate of Investment and Company Administration ပါခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေ ပါ ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးက တာဝန်ရှိပုဂ္ဂိုလ်တွေ၊ UNFCCI က တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံညှိနှိုင်းတဲ့အခါမှာ ခေတ်စနစ်နဲ့ ကိုက်ညီဖို့ အဓိကပြင်ဆင်ဖို့အချက်က (၃)ချက်ပဲရှိတယ်ဆိုတာ တွေ့ပါတယ်။ အများကြီး ပြင်ဖို့မလိုပါဘူး။

မူလအဆိုပြုဥပဒေကြမ်းရဲ့ အပိုဒ်တွေ ပြထားတဲ့အတိုင်းပါပဲ ၂(စ)(၄)ရဲ့ ဆိုတာကတော့ အလားတူကုန်စည်ရဲ့ Definition ဖြစ်ပါတယ်။ နောက်တစ်ခုက မူလ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဈ) ဖြစ်ပါတယ်။ ဒါကတော့ အကျိုးဝင်ဆက်နွယ်သူများ Definition ဖြစ်ပါတယ်။ အပိုဒ် ၄၊ အပိုဒ်ခွဲ (က)နဲ့ (ခ)တို့က သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို အသစ်နိုင်ငံတော်ရဲ့ လိုအပ်ချက်နဲ့ အညီ ပေါ်ပေါက်လာတဲ့ဌာနတွေကိုပါ ပြည့်ပြည့်စုံစုံ ထည့်သွင်းဖွဲ့စည်းနိုင်ဖို့အတွက် ဒီကော်မတီကို ပြင်ဆင်ဖွဲ့စည်းဖို့လိုတယ်ဆိုတဲ့ အချက်(၃)ချက်ကိုပဲ တွေ့ပါတယ်။ ကျွန်တော်တို့ရဲ့ ၂၀၁၇ ခုနှစ်က တင်ပြခဲ့တဲ့ဥပဒေဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည့်ပြည့်စုံစုံ လေ့လာ ပြီးတော့ ဒါ ရေးဆွဲထားတာဖြစ်တဲ့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အတည်ပြုချက်ကိုလည်း ရရှိထားပြီးဖြစ်ပါတယ်။ အများကြီး ထပ်မံပြီး ပြုပြင်ပြောင်းလဲစရာမလိုဘူး ဆိုတာကို တစ်ပါတည်း တင်ပြလိုခြင်းဖြစ်ပါတယ်။ ကော်မတီအနေနဲ့ မြန်မာစာအရေးအသား မှန်ကန်မှုရှိစေဖို့၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေဖို့လည်း ပြင်ထားပြီးဖြစ်ပါတယ်။ ဒီလိုပြင်လိုက်တဲ့အတွက်ကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားနဲ့ အပြည့်အစုံ တင်ပြထားပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါ့မယ်။ ကော်မတီအနေနဲ့ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် အကျေအလည် ညှိနှိုင်းဆောင်ရွက်ပြီးပါပြီ။ နောက်တစ်ခါ နိုင်ငံရဲ့လိုအပ်ချက် အရ အရေးတကြီးလိုအပ်နေတဲ့ဥပဒေ ဖြစ်တဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြု ဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၀ – ၆ – ၂၀၁၉ ရက်(တနင်္လာနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၁:၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၂။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲခဲ့တဲ့ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးပေးပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် မြို့ပေါင်း (၃၃၀)ကျော်ရှိသည့် အနက် ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မြို့ပေါင်း(၁၃၀)ရဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း သဘောထားပုံစံများကို ရေးဆွဲဆောင်ရွက်ပြီးဖြစ်ပါတယ်။ အဆိုပါ မြို့ပြ စီမံကိန်းများကို ပင်မစီမံကိန်း (Master Plan) ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် ဥပဒေကျောထောက်နောက်ခံ လိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ မှာရှိတဲ့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မြစ်ကြီးနား၊ ပြင်ဦးလွင် စသည့်မြို့ကြီးများတွင် လူဦးရေ လျင်မြန်စွာတိုးပွားလာမှုနှင့် စီးပွားရေးတိုးတက်ပြောင်းလဲမှုတို့ကြောင့် စနစ်မကျတဲ့ မြို့ပြကြီးထွားမှု

များနဲ့ အခြေခံအဆောက်အအုံ မလုံလောက်မှုများ ဖြစ်ပေါ်နေတဲ့အတွက် မြို့ပြများကို စနစ်တကျ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန် အထူးလိုအပ်လျက်ရှိပါတယ်။ ဆိုလိုတာကတော့ ၎င်းမြို့တွေရဲ့ နှစ်ပေါင်းများစွာကတည်းကရှိနေတဲ့ အခြေခံသဘာဝအရင်းအမြစ်တွေဟာ စနစ်မကျတဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွေကြောင့် လက်ရှိအခြေအနေမှာ ပျောက်ဆုံးလျက်ရှိပြီးတော့ ၎င်းမြို့များရဲ့ ထူးခြားတဲ့သွင်ပြင်လက္ခဏာတွေပါ ပျောက်ဆုံးသွားတဲ့အတွက် ဒီဥပဒေသည် အမြန်ဆုံးရေးဆွဲဖို့ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြများကို စနစ်တကျစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်တဲ့အတွက်ကြောင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။ ဤဥပဒေရဲ့ ရည်ရွယ်ချက်တွေကတော့ ပြည်သူများအတွက် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ပြီးတော့ သဘာဝဘေးဒဏ်ခံနိုင်သည့် ဘက်စုံကောင်းမွန်သောမြို့ပြများ တည်ထောင်နိုင်ရန်၊ နိုင်ငံတော်အတွင်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချနိုင်စေရန်အတွက် ဘက်ညီမျှတသောမြို့ပြများ စနစ်တကျ ထူထောင်နိုင်စေရန်၊ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဦးတည်ရေးဆွဲထားသော ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် မြေအသုံးချမှုကိုအခြေခံသည့် ဒေသဆိုင်ရာစီမံကိန်းများကို ပေါင်းစပ်၍ မြို့ပြဒေသများ စနစ်တကျဖော်ဆောင်နိုင်ရန်တို့ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားမှာ အလားတူ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဤဥပဒေမူကြမ်းကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနတွင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များ တောင်းခံရယူခြင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း၊ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် အစည်းအဝေးများ ပြုလုပ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များ ရယူခြင်း၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတွင် အစည်းအဝေးများ ပြုလုပ်၍ ရေးဆွဲပြုစုခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေတွင် အခန်း(၁၇)ခန်းနှင့် ပုဒ်မပေါင်း (၆၁)ခု ပါဝင်ပြီးတော့ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း အမျိုးအစားများ၊ စီမံကိန်းရေးဆွဲခြင်း၊ ဆန်းစစ်ခြင်း၊ အတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာအခန်းများ ပါဝင်ပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲဇယား(၁)တွင် ပါဝင်သည့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာများကဏ္ဍ

များနှင့် ဆက်စပ်အကျုံးဝင်နေပြီးတော့ ကဏ္ဍစီမံကိန်းများနှင့် ချိတ်ဆက်မှုရှိသည့် Integrated Development မြို့ပြနှင့် ဒေသစီမံကိန်းများ ရေးဆွဲခြင်းတို့ ပါဝင်တဲ့အတွက် ပြည်ထောင်စုဥပဒေ အဖြစ် ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။

ဥပဒေပြဋ္ဌာန်းပြီးပါက ပြည်သူများအတွက် ဘက်စုံကောင်းမွန်သောမြို့ပြများ စနစ်တကျ တည်ထောင်လာနိုင်မည်ဖြစ်ပြီး ရရှိစေမည့်အကျိုးကျေးဇူးတွေကတော့ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို Myanmar Sustainable Development Plan (MSDP) ၏ ရည်ရွယ်ချက်များနှင့် လိုက်လျောညီထွေစွာ ဖော်ဆောင်နိုင်ခြင်း၊ လိုအပ်လာမည့်မြို့ပြမြေများ ဖော်ထုတ်ရာတွင် မြေအသုံး ချမှုမူဝါဒများနှင့်အညီ မြေအသုံးပြုမှု ပြောင်းလဲခြင်း၊ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအမြစ်များ စဉ်ဆက်မပြတ် ဖန်တီးပေးခြင်းနှင့် မြို့ပြမြေအား အကျိုးထိရောက်စွာ အသုံးပြု လာနိုင်ခြင်း၊ အမှတ်(၃) မြို့ပြဧရိယာအတွင်းရှိ မြေအသုံးချမှုအမျိုးမျိုးကို သဟဇာတဖြစ်စေရန် စီမံဆောင်ရွက်နိုင်ပြီးတော့ လူနေအိမ်ရာ၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ကုန်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ၊ ပန်းခြံများ၊ သစ်ပင်များ၊ ရေပြင်နှင့် အခြားလူမှုရေးနှင့် စီးပွားရေး အခြေခံအဆောက်အအုံများအတွက် လိုအပ်ချက် ပြည့်မီစေနိုင်ခြင်း၊ ထို့အတူ နည်းပညာ ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေ၊ ဝန်ဆောင်မှုလုပ်ငန်းများကို လိုအပ်ချက်ပြည့်မီစေပြီး မြို့ပြ စီမံကိန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ Urban Planning Standard နှင့်အညီ ရေးဆွဲဆောင်ရွက် စေနိုင်ခြင်း၊ ပြည်ထောင်စုအဆင့်ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများ၊ တစ်နိုင်ငံလုံးအတွက် ခြုံငုံရေးဆွဲထားသည့် မြေအသုံးချမှု စီမံကိန်းများနှင့် လိုက်လျောညီထွေရှိ စေခြင်း၊ နံပါတ်(၆) ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်ချက်၊ လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ချက်၊ ယဉ်ကျေးမှု အမွေအနှစ်များအပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်ချက်များ ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် အရည်အသွေး၊ သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ နေရာဒေသများ၊ အမှတ်လက္ခဏာများကို ထိန်းသိမ်း စောင့်ရှောက်စေနိုင်ခြင်း၊ အမှတ်(၇) မြို့ပြဖွံ့ဖြိုးရေးဖြစ်စဉ်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးရာ ကိစ္စများ၊ ကာကွယ်ရေးနှင့်လုံခြုံရေးတို့ကို အထောက်အကူဖြစ်စေခြင်း စတဲ့ အကျိုးကျေးဇူးများကို ရရှိစေမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံကဏ္ဍမှာ အရေးပါတဲ့ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေး ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့် အဆို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၈။**

**ဗိုလ်မှူးချုပ်တင့်လွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ – ၁) ၁/၂၀၁၉ – ၂၄၄

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ မေလ ၃၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၂၆-၃-၂၀၁၉ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၄-၄-၂၀၁၉ ရက်နေ့၊ ၃၀-၄-၂၀၁၉ ရက်နေ့နှင့် ၂၈-၅-၂၀၁၉ ရက်နေ့တို့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်

ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီမှ တာဝန်ယူ၍ ပြင်ဆင်ချက်များကို ပြည့်စုံမှုရှိစေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် ဥပဒေကြမ်း၏ခေါင်းစဉ်ကို မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းဥပဒေ ဟု ပြင်ဆင်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ပြီး သဘာဝဘေးဒဏ်ခံနိုင်သည့် ဘက်စုံကောင်းမွန်သောမြို့ပြများ တည်ဆောက်နိုင်ရန်အတွက်လည်းကောင်း၊ နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုကွာဟချက် လျော့ချနိုင်စေရန်အတွက် ဘက်ညီမျှသောမြို့ပြများ စနစ်တကျ ထူထောင်တည်ဆောက်နိုင်စေရန်အတွက်လည်းကောင်း၊ ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းရာတွင် ရှင်းလင်းတိကျမှုရှိစေရန်အတွက်လည်းကောင်း၊ အတည်ပြုထားသော ဖွံ့ဖြိုးရေးစီမံကိန်း နေရာမှအပ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် စီမံကိန်းပါ အချက်အလက်များ ပြောင်းလဲဆောင်ရွက်ခြင်းတို့အတွက် ထိရောက်ဟန့်တားနိုင်မည့် ပြစ်ဒဏ်ပြဋ္ဌာန်းချက်များ ဖော်ပြပါရှိနိုင်စေရန်တို့အတွက် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်များအပေါ် အခြေခံ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်နဲ့ မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်တို့အတွက် ဖြည့်စွက်သင့်သည်များကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ပြင်ဆင်ဖြည့်စွက်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၊ သက်ဆိုင်ရာတာဝန်ရှိဌာန၊ အဖွဲ့အစည်းများနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၀-၆-၂၀၁၉ ရက်နေ့ ရက် (တနင်္လာနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၀၃။**

**ဒေါ်လွီးဇာ(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်**ဥက္ကဋ္ဌ**နှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများ၊ မီဒီယာပြည်သူများ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးဆုံး နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လွီးဇာ ဖြစ်ပါတယ်ရှင်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ကော်မတီရဲ့ တာဝန်ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်

အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပြီး လိုအပ်သည့်နေရာများကိုလည်း Power Point အသုံးပြုခွင့်ပြုပါရန် ကြိုတင်အစီရင်ခံတောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော **ဥက္ကဋ္ဌ**ကြီးရှင်။ ဒီကနေ့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်**
**တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့်**
**အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့်အစီရင်ခံစာ**

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်၏ အမြဲတမ်းကော်မတီတစ်ရပ်ဖြစ်သော အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆၊ ၉၇ တို့အရ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပြန်လည်ဖြေကြားချက်နှင့် အာမခံချက်၊ ကတိပြုချက်များ စိစစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အရ အစီရင်ခံစာပြုစု၍ အမျိုးသားလွှတ်တော်သို့ အစီရင်ခံ တင်ပြခြင်းဖြစ်ပါတယ်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်အရ ကတိဖြစ်ပေါ်ခဲ့မှုအခြေအနေများကို (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာတင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုပြီးစီးခြင်း ရှိ/မရှိနှင့် ကတိကဝတ်ပြုခဲ့သော လုပ်ငန်းရပ်များနှင့် မြေပြင်တွင် အမှန်တကယ်ဖြစ်ပေါ်နေသော လုပ်ငန်းများ၏ အရည်အသွေး

စံချိန်စံညွှန်းများ ပြည့်မီခြင်း ရှိ/မရှိတို့ကို ကော်မတီမှ ကွင်းဆင်းစိစစ်တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ မေးခွန်းရှင် ကိုယ်စားလှယ်များနှင့် ပြန်လည်တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းပြီး အကြံဉာဏ်များ ပေးနိုင်ရန် ဖြစ်ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၃။　　ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များမှ အဆို(၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၂၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၀၃)ခု၊ စုစုပေါင်း(၄၂၇)ခု တင်သွင်းမေးမြန်းခဲ့ပါတယ်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများအပေါ် ကတိ ဖြစ်ပေါ်မှုနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များကို အောက်ဖော်ပြပါ အဖွဲ့(၆) ဖွဲ့ခွဲ၍ စိစစ် ဆောင်ရွက်ခဲ့ကြပါတယ် -

| စဉ် | အဖွဲ့/ ကော်မတီဝင်များ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ |
|---|---|---|
| ၁။ | <u>အဖွဲ့ (၁)</u><br>ဦးစောချစ်ဦး<br>ဦးကျော်မြင့်ဦး | (၁)အမျိုးသားလွှတ်တော်<br>(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>(၃) ပြန်ကြားရေးဝန်ကြီးဌာန<br>(၄)သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန<br>(၅)စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၂။ | <u>အဖွဲ့ (၂)</u><br>ဒေါက်တာခွန်ဝင်းသောင်း<br>ဦးမင်းဆွေနိုင် | (၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး<br>(၂) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန<br>(၃)ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန<br>(၄)နေပြည်တော်ကောင်စီနှင့်နေပြည်တော် စည်ပင်သာယာရေးကော်မတီ |

| စဉ် | အဖွဲ့/ ကော်မတီဝင်များ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ |
|---|---|---|
| ၃။ | အဖွဲ့ (၃)<br>ဦးပြုံးလွင်<br>ဦးကြည်ဝင်း | (၁)အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန<br>(၂) စက်မှုဝန်ကြီးဌာန<br>(၃)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန<br>(၄)ပညာရေးဝန်ကြီးဌာန<br>(၅)ပြည်ထောင်စုရှေ့နေချုပ်ရုံး<br>(၆)အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်<br>(၇)ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ |
| ၄။ | အဖွဲ့ (၄)<br>ဒေါ်လှိုင်းဇာ<br>ဦးခင်မောင်လတ် | (၁)ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန<br>(၂) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>(၃)ဆောက်လုပ်ရေးဝန်ကြီးဌာန<br>(၄)ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး<br>(၅)မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၅။ | အဖွဲ့ (၅)<br>ဦးငွန်ဟေး<br>ဦးအောင်ဝင်း | (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန<br>(၂) ဟိုတယ်နှင့်ခရီးသွားရေးဝန်ကြီးဌာန<br>(၃)တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန<br>(၄)ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး<br>(၅)တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး |
| ၆။ | အဖွဲ့ (၆)<br>ဦးဝင်းအောင်<br>ဗိုလ်မှူးချုပ်တင်ဆွေ | (၁)နိုင်ငံခြားရေးဝန်ကြီးဌာန<br>(၂) နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန<br>(၃)ပြည်ထဲရေးဝန်ကြီးဌာန |

| စဉ် | အဖွဲ့/ ကော်မတီဝင်များ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ |
|---|---|---|
| | ဒေါ်မြတ်သီတာထွန်း | (၄)ကာကွယ်ရေးဝန်ကြီးဌာန<br>(၅)နယ်စပ်ရေးရာဝန်ကြီးဌာန<br>(၆) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန<br>(၇)ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန<br>(၈)သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန<br>(၉)အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန<br>(၁၀)ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန |

၄။ ကော်မတီသည် ၂-၅-၂၀၁၉ ရက်နေ့နှင့် ၃-၅-၂၀၁၉ ရက်နေ့တွင် ကော်မတီဝင်များနှင့် အစည်းအဝေးပြုလုပ်၍ အထက်ဖော်ပြပါအတိုင်း အဖွဲ့(၆)ဖွဲ့ ဖွဲ့စည်းကာ စိစစ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီ၏စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့်အဆိုများ၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ၂၁ - ၅ - ၂၀၁၉ ရက်နေ့နှင့် ၂၂ - ၅ - ၂၀၁၉ ရက်နေ့များတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ထပ်မံဆွေးနွေး အတည်ပြုနိုင်ခဲ့ပါသည်။

၅။ ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အစည်းအဝေး အတည်ပြုချက်အရ အတည်ပြုအဆို (၃)ခုအား အောက်ပါအတိုင်း စိစစ်တွေ့ရှိခဲ့ပါတယ် -

| စဉ် | ဝန်ကြီးဌာန | အဆို ပေါင်း | အတည် | | မှတ်တမ်း တင် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | ပြု | မပြု | | |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁ | ၁ | - | - | |
| ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၁ | - | - | |

| စဉ် | ဝန်ကြီးဌာန | အဆို ပေါင်း | အတည် | | မှတ်တမ်း တင် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | ပြု | မပြု | | |
| ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၁ | − | − | |
| | **စုစုပေါင်း** | **၃** | **၃** | **−** | **−** | |

၆။ အတည်ပြုခဲ့သည့် အဆိုများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(က) ဖြင့် ဖော်ပြခဲ့ပါတယ်။

၇။ ကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေးပြုလုပ်၍ အတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း (၁၂၁)ခုအနက် မေးခွန်း(၆၇)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း (၅၄)ခုမှာ ကတိဖြစ်ပေါ်မှုမရှိကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ရှိခဲ့ပါတယ် −

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်ပြ မေးခွန်းပေါင်း | ကတိ | | မှတ် ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၆ | ၄ | ၂ | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန | ၁ | − | ၁ | |
| ၃ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၉ | ၄ | ၅ | |
| ၄ | ပြန်ကြားရေးဝန်ကြီးဌာန | ၂ | − | ၂ | |
| ၅ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| ၆ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ | − | ၁ | |
| ၇ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၈ | ၅ | ၃ | |
| ၈ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ၄ | − | ၄ | |
| ၉ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာန | ၂ | ၂ | − | |

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်ပြမေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၂ | ၂ | - | |
| ၁၁ | စက်မှုဝန်ကြီးဌာန | ၄ | ၂ | ၂ | |
| ၁၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၁ | ၁ | - | |
| ၁၃ | ပညာရေးဝန်ကြီးဌာန | ၁၉ | ၁၃ | ၆ | |
| ၁၄ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁၄ | ၄ | ၁၀ | |
| ၁၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၄ | ၁ | ၃ | |
| ၁၆ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၄ | ၃ | |
| ၁၇ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၁ | ၁ | - | |
| ၁၈ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၁၉ | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | ၁ | - | ၁ | |
| ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| ၂၁ | နေပြည်တော်ကောင်စီ | ၆ | - | ၆ | |
| ၂၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁ | - | ၁ | |
| ၂၃ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁ | - | ၁ | |
| ၂၄ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၂၂ | ၂၂ | - | |
| | **စုစုပေါင်း** | ၁၂၁ | ၆၇ | ၅၄ | |

၈။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြခဲ့ပါတယ်။

၉။ ကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေး ပြုလုပ်၍ အတည်ပြုချက်အရ ကြယ်ပွင့်မပြမေးခွန်း (၃၀၃)ခုအနက် မေးခွန်း (၁၉၉)ခု ကတိဖြစ်ပေါ် ခဲ့ပြီး၊ မေးခွန်း (၁၀၄)ခု ကတိဖြစ်ပေါ်မှုမရှိကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ရှိခဲ့ပါတယ် -

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်မပြ မေးခွန်းပေါင်း | ကတိ | | မှတ် ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁ | ၁ | - | |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | ၁ | - | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၅ | ၃ | ၂ | |
| ၄ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၉ | ၁ | ၈ | |
| ၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၆ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၄ | - | ၄ | |
| ၇ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| ၈ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၅ | ၃ | ၂ | |
| ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၉ | ၂ | ၇ | |
| ၁၀ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| ၁၁ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၃ | ၂ | ၁ | |
| ၁၂ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၄ | ၂ | ၂ | |
| ၁၃ | စက်မှုဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| ၁၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၁ | ၁ | - | |

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်မပြ မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁၅ | ပညာရေးဝန်ကြီးဌာန | ၁၁၃ | ၉၁ | ၂၂ | |
| ၁၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁၆ | ၇ | ၉ | |
| ၁၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၃ | ၁ | ၂ | |
| ၁၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၃၀ | ၂၀ | ၁၀ | |
| ၁၉ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၄ | ၃ | ၁ | |
| ၂၀ | ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ | ၁ | – | ၁ | |
| ၂၁ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၈၇ | ၅၈ | ၂၉ | |
| | **စုစုပေါင်း** | **၃၀၃** | **၁၉၉** | **၁၀၄** | |

၁၀။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြအပ်ပါသည်။

၁၁။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ အစည်းအဝေး(၁၁)ကြိမ်အတွင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများအနက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အလိုက် ကတိဖြစ်ပေါ်ခဲ့မှုပေါင်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ် –

| စဉ် | ဒုတိယအကြိမ် ပုံမှန်အစည်းအဝေး | ကြယ်ပွင့်ပြ မေးခွန်း | | | ကြယ်ပွင့်မပြ မေးခွန်း | | | အဆို | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | အတည်ပြု | အတည်မပြု | ပေါင်း | |
| ၁ | ပထမပုံမှန် | ၂၃ | ၁၀ | ၃၃ | ၁၄ | ၁၂ | ၂၆ | – | ၁ | ၁ | |
| ၂ | ဒုတိယပုံမှန် | ၈၈ | ၅၉ | ၁၄၇ | ၃၄ | ၃၈ | ၇၂ | ၁ | ၂ | ၃ | |

| စဉ် | ဒုတိယအကြိမ် ပုံမှန်အစည်းအဝေး | ကြယ်ပွင့်ပြ မေးခွန်း | | | ကြယ်ပွင့်မပြ မေးခွန်း | | | အဆို | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိ ဖြစ် | ကတိ မဖြစ် | ပေါင်း | ကတိ ဖြစ် | ကတိ မဖြစ် | ပေါင်း | အတည်ပြု | အတည်မပြု | ပေါင်း | |
| ၃ | တတိယပုံမှန် | ၅၄ | ၅၀ | ၁၀၄ | ၃၂ | ၃၀ | ၆၂ | - | - | - | |
| ၄ | စတုတ္ထပုံမှန် | ၅၀ | ၄၀ | ၉၀ | ၇၆ | ၅၄ | ၁၃၀ | ၁ | - | ၁ | |
| ၅ | ပဉ္စမပုံမှန် | ၁၄၇ | ၈၈ | ၂၃၅ | ၁၁၉ | ၉၀ | ၂၀၉ | ၄ | ၁ | ၅ | |
| ၆ | ဆဋ္ဌမပုံမှန် | ၃၆ | ၃၂ | ၆၈ | ၂၉ | ၂၇ | ၅၆ | ၁ | - | ၁ | |
| ၇ | သတ္တမပုံမှန် | ၆၁ | ၄၅ | ၁၀၆ | ၁၁၂ | ၇၂ | ၁၈၄ | ၁ | - | ၁ | |
| ၈ | အဋ္ဌမပုံမှန် | ၅၄ | ၃၂ | ၈၆ | ၈၇ | ၃၇ | ၁၂၄ | ၁ | - | ၁ | |
| ၉ | နဝမပုံမှန် | ၅၀ | ၃၇ | ၈၇ | ၈၈ | ၆၆ | ၁၅၄ | ၁ | - | ၁ | |
| ၁၀ | ဒသမပုံမှန် | ၆၈ | ၃၇ | ၁၀၅ | ၇၁ | ၃၁ | ၁၀၂ | ၁ | - | ၁ | |
| ၁၁ | (၁၁)ကြိမ်မြောက်ပုံမှန် | ၆၇ | ၅၄ | ၁၂၁ | ၁၉၉ | ၁၀၄ | ၃၀၃ | ၃ | - | ၃ | |
| | **စုစုပေါင်း** | **၆၉၈** | **၄၈၄** | **၁၁၈၂** | **၈၆၁** | **၅၆၁** | **၁၄၂၂** | **၁၄** | **၄** | **၁၈** | |

၁၂။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ ကတိဖြစ်ပေါ်မှုများမှာ ကြယ်ပွင့်ပြမေးခွန်း (၆၉၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၈၆၁)ခုနှင့် အတည်ပြုအဆို (၁၄)ခု ဖြစ်ပါတယ်။ ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေး အထိ ကြယ်ပွင့်ပြမေးခွန်း (၁၃၀)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၁၆၀)ခုနှင့် အဆို(၁)ခု၊ စုစုပေါင်း (၂၉၁)ခုကို လုပ်ငန်းများပြီးစီး၍ ကတိကဝတ်စာရင်းမှ အောက်ပါအတိုင်း ပယ်ဖျက်နိုင်ခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးထိ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မေးခွန်း | | | | | | အဆို | | |
| | | ကြယ်ပြ | | | ကြယ်မပြ | | | အကြောင်းကြား | ပြီး | ဆဲ |
| | | စုစုပေါင်း | ပြီး | ဆဲ | စုစုပေါင်း | ပြီး | ဆဲ | | | |
| ၁ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၁ | - | ၁ | - | - | - | - | - | - |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၂၇ | ၄ | ၂၃ | ၁၉ | ၄ | ၁၅ | ၃ | ၁ | ၂ |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၁ | - | ၁ | ၃ | ၁ | ၂ | - | - | - |
| ၄ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂၄ | ၆ | ၁၈ | ၂၆ | ၂ | ၂၄ | - | - | - |
| ၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၂ | - | ၂ | ၃ | ၁ | ၂ | - | - | - |
| ၆ | ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန | - | - | - | ၅ | - | ၅ | - | - | - |
| ၇ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ | - | ၁ | ၂ | - | ၂ | - | - | - |
| ၈ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၅၇ | ၂၄ | ၃၃ | ၂၄ | ၁၃ | ၁၁ | ၅ | - | ၅ |
| ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၄၀ | ၉ | ၃၁ | ၁၂ | ၃ | ၉ | - | - | - |
| ၁၀ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၃၄ | ၇ | ၂၇ | ၁၂ | ၄ | ၈ | ၂ | - | ၂ |
| ၁၁ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာန | ၄၁ | ၁၄ | ၂၇ | ၂၄ | ၂ | ၂၂ | - | - | - |
| ၁၂ | အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန | ၁၀ | ၅ | ၅ | ၄ | ၂ | ၂ | - | - | - |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးထိ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မေးခွန်း | | | | | | အဆို | | |
| | | ကြယ်ပြ | | | ကြယ်မပြ | | | | | |
| | | စုစုပေါင်း | ပြီး | ဆဲ | စုစုပေါင်း | ပြီး | ဆဲ | စုစုပေါင်း | ပြီး | ဆဲ |
| ၁၃ | စက်မှုဝန်ကြီးဌာန | ၅ | ၁ | ၄ | ၂ | - | ၂ | - | - | - |
| ၁၄ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၆ | - | ၆ | ၃ | ၁ | ၂ | - | - | - |
| ၁၅ | ပညာရေးဝန်ကြီးဌာန | ၈၅ | ၁၄ | ၇၁ | ၁၈၆ | ၅၉ | ၁၂၇ | - | - | - |
| ၁၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၇၇ | ၂၀ | ၅၇ | ၁၀၃ | ၃၃ | ၇၀ | ၁ | - | ၁ |
| ၁၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | ၉ | - | ၉ | ၅ | ၂ | ၃ | - | - | - |
| ၁၈ | ဆောက်လုပ်ရေးဝန်ကြီး ဌာန | ၁၀၀ | ၁၀ | ၉၀ | ၇၅ | ၁၀ | ၆၅ | - | - | - |
| ၁၉ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၁၆ | ၅ | ၁၁ | ၄ | ၂ | ၂ | - | - | - |
| ၂၀ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၂ | - | ၂ | - | - | - | - | - | - |
| ၂၁ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၃ | - | ၃ | - | - | - | - | - | - |
| ၂၂ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၃ | - | ၃ | - | - | - | - | - | - |
| ၂၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၃ | ၁ | ၂ | ၃ | - | ၃ | - | - | - |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးထိ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မေးခွန်း | | | | | | အဆို | | |
| | | ကြယ်ပြ | | | ကြယ်မပြ | | | စုစုပေါင်း | ပြီး | ဆဲ |
| | | ပေါင်း | ပြီး | ဆဲ | ပေါင်း | ပြီး | ဆဲ | | | |
| ၂၄ | ပြည်ထောင်စု ရှေ့နေချုပ်ရုံး | ၁ | ၁ | - | - | - | - | - | - | - |
| ၂၅ | ပြည်ထောင်စုရာထူးဝန် အဖွဲ့ | ၂ | ၂ | - | - | - | - | - | - | - |
| ၂၆ | နေပြည်တော်ကောင်စီ | ၂ | - | ၂ | - | - | - | - | - | - |
| ၂၇ | မြန်မာနိုင်ငံတော် ဗဟိုဘဏ် | ၂ | - | ၂ | - | - | - | - | - | - |
| ၂၈ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် | ၁ | - | ၁ | - | - | - | - | - | - |
| ၂၉ | ကချင်ပြည်နယ် အစိုးရအဖွဲ့ | ၃ | - | ၃ | ၄ | - | ၄ | - | - | - |
| ၃၀ | ကယားပြည်နယ် အစိုးရအဖွဲ့ | ၅ | - | ၅ | ၄ | - | ၄ | - | - | - |
| ၃၁ | ကရင်ပြည်နယ် အစိုးရအဖွဲ့ | ၁ | ၁ | - | ၄ | - | ၄ | - | - | - |
| ၃၂ | ချင်းပြည်နယ်အစိုးရအဖွဲ့ | ၈ | - | ၈ | ၁၄ | - | ၁၄ | - | - | - |
| ၃၃ | စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ | ၆ | ၁ | ၅ | ၁၅ | ၁ | ၁၄ | - | - | - |
| ၃၄ | တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ | ၁ | - | ၁ | ၁၄ | - | ၁၄ | - | - | - |
| ၃၅ | ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ | ၂ | - | ၂ | - | - | - | - | - | - |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးထိ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မေးခွန်း | | | | | | အဆို | | |
| | | ကြယ်ပြ | | | ကြယ်မပြ | | | တင်သွင်း | ပြီး | ဆဲ |
| | | တင်သွင်း | ပြီး | ဆဲ | တင်သွင်း | ပြီး | ဆဲ | | | |
| ၃၆ | မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ | ၈ | - | ၈ | ၁၉ | ၅ | ၁၄ | - | - | - |
| ၃၇ | မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ | - | - | - | ၃ | - | ၃ | - | - | - |
| ၃၈ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၉ | ၃ | ၆ | ၁၅ | ၉ | ၆ | - | - | - |
| ၃၉ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၂၂ | ၂ | ၂၀ | ၂၆ | ၃ | ၂၃ | - | - | - |
| ၄၀ | ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ | ၅ | - | ၅ | ၅ | ၁ | ၄ | - | - | - |
| ၄၁ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၅ | - | ၅ | ၁၂ | - | ၁၂ | - | - | - |
| ၄၂ | ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ | ၁ | - | ၁ | ၁၂ | ၂ | ၁၀ | - | - | - |
| စုစုပေါင်း | | ၆၃၁ | ၁၃၀ | ၅၀၁ | ၆၆၂ | ၁၆၀ | ၅၀၂ | ၁၁ | ၁ | ၁၀ |

၁၃။ ကော်မတီသည် ၁၀-၅-၂၀၁၉ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့်လည်းကောင်း၊ ၂၃-၅-၂၀၁၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခေါင်းဆောင်၍ ကော်မတီအသီးသီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော အဖွဲ့နှင့်လည်းကောင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ –

**နိဂုံး**

၁၄။ ကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ခဲ့ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သလို ညှိနှိုင်းဆွေးနွေး အကြံပြုတင်ပြခဲ့ပြီးဖြစ်ပါသည်။ လွှတ်တော်အကြိမ်အရေအတွက် ပိုမိုများပြားလာသည့်အလျှောက် ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများလည်း ယခင်ကထက်ပိုမို၍ များပြားလာသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်း၊ အဆိုပြုချက်များသည် မိမိတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရသည့်အပြင် ကော်မတီမှလည်း ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကတိဖြစ်ပေါ်ပြီး အဆို၊ မေးခွန်းများကို ယခုထက်ပိုမို၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ပါသည်။ လွှတ်တော်ရပ်နားသည့်အချိန်များတွင်လည်း ကော်မတီမှ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းသို့ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစိစစ်သွားရောက်ရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လိုအပ်သောနေရာများသို့လည်း အခါအားလျော်စွာ ကွင်းဆင်းစိစစ်လေ့လာမှုများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊
ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

၂၁–၅–၂၀၁၉ ရက်နေ့နှင့် ၂၂–၅–၂၀၁၉ ရက်နေ့များတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မြင်ကွင်းပုံ (စစ)



၂၁-၅-၂၀၁၉ ရက်နေ့နှင့် ၂၂-၅-၂၀၁၉ ရက်နေ့များတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မြင်ကွင်းပုံ (စစ-၁)



**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂:၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက် နေ့ကို ၁၂:၁၆ နာရီအချိန်တွင် ရပ်နားပါသည်။]